# မြဝတီ

နေ့စဉ်

သတင်းလောကရှေ့ဆောင်မည် လူထုကြားက မြဝတီ


### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကိုပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၂၈)

၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်၊ တနင်္လာနေ့


### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနေအထားဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁

(၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ စာပေဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင်ဆရာကြီး၊ ဆရာမကြီးများ၊

**စာမျက်နှာ ၁၇ ကော်လံ ၁ ☆**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင် ဆရာကြီး ဒေါက်တာမင်းတင်မွန်(ပါရဂူမင်းနန္ဒာ)အား ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်)

# မြန်မာစာပေပိုမိုထွန်းကားရေး ထိုက်ထိုက်တန်တန်ဂုဏ်ပြု

မြန်မာစာပေအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရင်း ပိုမိုပြန့်ပွားထွန်းကားအောင် မြန်မာစာပေပညာရှင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် တင့်တင့်တယ်တယ်ထည်ထည်ဝါဝါနေထိုင်လာသည့်နိုင်ငံဖြစ်သည်။ စာပေမှတ်တမ်းတင်ထားသည့် ပုဂံခေတ်မှ ယနေ့ခေတ်တိုင် မြန်မာစာပေသည် ဆုတ်ယုတ်သွားခြင်းမရှိဘဲ ပိုမို၍ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။ ထိုသို့ထွန်းကားတိုးတက်အောင် ရဟန်းပညာရှိ၊ လူပုဂ္ဂိုလ်ပညာရှိများက ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ မြန်မာလူမျိုးများ၏ပညာရေးသည် ဘုန်းတော်ကြီးသင်ပညာရေးကစတင်အခြေတည်ခဲ့သည့်အလျောက် ပညာတတ်မြောက်မှုမှာလည်း ရာခိုင်နှုန်းအားဖြင့် လွန်စွာမြင့်မားခဲ့သည်။

မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများတွင် တာဝန်နှင့်ဝတ္တရားများခွဲခြားထားရှိသည်။ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ ရဟန်းနှင့်ဒါယကာ၊ အရှင်သခင်နှင့်လုပ်သားစသည်ဖြင့်အသီးသီးတို့၏ဝတ္တရားများကို ဖော်ပြထားသကဲ့သို့ ထိုဝတ္တရားများအတိုင်း လိုက်နာကျင့်သုံးခဲ့ကြသည်။ မြန်မာတို့၏ စာပေတတ်မြောက်မှုနှုန်းမှာ မြန်မာနိုင်ငံကို နယ်ချဲ့အင်္ဂလိပ်တို့သိမ်းပိုက်ချိန်မှစ၍လျော့နည်းလာခဲ့သည်။ အင်္ဂလိပ်တို့သည် နယ်ချဲ့များပီပီ မြန်မာတို့စာတတ်မြောက်ရေးထက် ယင်းတို့၏အကျိုးစီးပွားကို ရှေးရှုခဲ့သည်။ ထို့ကြောင့် ပထမဆုံးတက္ကသိုလ်ကျောင်းသားသပိတ်ပေါ်ပေါက်လာကာ အမျိုးသားကျောင်းများပေါ်ထွန်းခဲ့သည်။ အမျိုးသားကျောင်းများပေါ်ထွန်းလာခြင်းနှင့်အတူ မြန်မာစာပေသည် ဂုဏ်ရှိန်ထွန်းပြောင်လာခဲ့သည်။ **မြန်မာစာသည်တို့စာ**ဆိုသည့်အတိုင်း စာပေကိုအလေးအနက်ထားကာ မြန်မာစာပေပြန်လည်ဖွံ့ဖြိုးတိုးတက်ခဲ့သလို မြန်မာတို့၏ စာတတ်မြောက်နှုန်းမှာလည်း ပြန်လည်မြင့်တက်လာခဲ့သည်။

ကိုလိုနီခေတ်မြန်မာစာရေးဆရာများကစတင်ကာ နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ်သတ်မှတ်နိုင်ခဲ့သည်။ မြန်မာဘုရင်များလက်ထက်က စာပေပညာရှင်များကို ဘွဲ့ထူး၊ ဂုဏ်ထူးများဖြင့်ချီးမြှင့်မြှောက်စားခဲ့ကြသလို လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း နိုင်ငံတော်အစိုးရအဆက်ဆက်က စာပေနှင့်ပတ်သက်၍ ချီးမြှင့်မြှောက်စားမှုများပြုလျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင်လည်း စာပေပညာရှင်များ၊ ဝါသနာရှင်များကို ဆက်လက်ချီးမြှင့်မြှောက်စားခဲ့သည်။ စာပေပညာရှင်များကိုဘွဲ့တံဆိပ်များချီးမြှင့်ပေးအပ်ခဲ့ကြသည်။ စာပေပညာရှင်ကြီးများကိုလည်း အမျိုးသားစာပေတစ်သက်တာဆုများချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံတွင် အမျိုးသားစာပေဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်မှာ ယခုအခါ (၇၅)ကြိမ်မြောက်စိန်ရတုအမျိုးသားစာပေဆုနှင်းသဘင်အချိန်အခါသို့ ရောက်ရှိပြီဖြစ်သည်။ (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ကျင်းပခဲ့သည်။ စာပေဆုချီးမြှင့်နှုန်းထားများကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ပိုမိုတိုးမြှင့်ချီးမြှင့်သကဲ့သို့ တစ်သက်တာစာပေဆုချီးမြှင့်ခြင်းအရေအတွက်မှာလည်း ယခင်နှစ်များထက် ပိုမိုများပြားသည်။ အစီအစဉ်(၁၃)ရပ်ဖြင့် ခမ်းနားထည်ဝါစွာကျင်းပပြီး တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့သည်။

**စာပေမြင့်မှလူမျိုးတင့်မည်**ဆိုသည့်အတိုင်း စာပေကိုအလေးအနက်ထားခြင်းမှာ အနာဂတ်နိုင်ငံတော်ကို ပိုမိုလှပအောင်စာပန်းချီခြယ်သခြင်းဖြစ်သည်။ နှစ်ပေါင်းထောင်ချီ ကြာရှည်တည်ပြီးသမိုင်းရှိသည့် မြန်မာစာပေ၊ ပုဂံခေတ်မှသည် ယနေ့အထိ အဖိုးတန်ဆဲ၊ လှပမြဲမြန်မာစာပေ၊ မျက်မှောက်ခေတ်အထိ မတိမ်ကောမပပျောက်ဘဲ အခိုင်အမာတည်ရှိနေသည့် မြန်မာစာပေသည် အနှစ်သာရတန်ဖိုးမှာကြီးမားလွန်းသည်။ မြန်မာစာပေနှင့်ပတ်သက်လျှင် အသွင်သဏ္ဌာန်နှင့် အနှစ်သာရပါဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားဆောင်ရွက်ပေးလျက်ရှိသည့်အတွက် မွန်မြတ်လှပသည့် စာပေအမွေလက်ဆင့်ကမ်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကြရမည်မှာ မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်။

စာပေစိန်ရတုမှတ်တိုင်ကို ဂုဏ်သိက္ခာရှိစွာ မားမားမတ်မတ်စိုက်ထူလိုက်နိုင်ခြင်းမှာ မြန်မာနိုင်ငံအတွက်နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများကြားမှ စာရေးသူ၊ စာဖတ်သူ၊ စာပေထုတ်ဝေသူများ၏ညီညွတ်မှုကြောင့် မှတ်တိုင်စိုက်ထူနိုင်ခြင်းလည်းဖြစ်သည်။ မြန်မာစာပေတိုးတက်မှု ရေစီးကြောင်းဖြတ်သန်းမှုမှာလည်း အရှိန်အဟုန်ပြင်းစွာ ဆက်လက်စီးဆင်းနိုင်သည်ကို တွေ့မြင်ကြရခြင်းဖြစ်သည်။ စာရေးဆရာကြီးများ၏ကလောင်စွမ်းပကားများကြောင့် စာဖတ်သူများမှာ စာပေကပေးသည့် အသိဉာဏ်ပညာ၊ ဗဟုသုတများစွာရရှိစေသည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် စာပေ၏တန်ဖိုးကြီးမားမှုကို ထင်ရှားစွာဖော်ညွှန်းပြသခြင်းဖြစ်သည်။

စာအုပ်စာပေမှရရှိသည့်အကျိုးကျေးဇူးများမှာ အတိုင်းအဆမရှိခြင်းကြောင့် စာအုပ်စာပေများကို မိမိတို့ဘဝတစ်လျှောက်လုံး အစဉ်တစိုက်ရေးသားနေကြသည့် စာပေပညာရှင်စာရေးဆရာကြီး၊ စာရေးဆရာမကြီးများကို ဂုဏ်ပြုချီးမြှင့်ခြင်းနှင့်အတူ နိုင်ငံနှင့်ပြည်သူအကျိုးပြုစာအုပ်စာပေများလည်း ပေါ်ထွက်လာခဲ့သည်မှာ နိုင်ငံ့ဂုဏ်ကိုမြင့်မားစေခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာစာပေထွန်းကားပြန့်ပွားရေးကို အလေးအနက်ထားကာ ဆုများကိုထိုက်ထိုက်တန်တန်ချီးမြှင့်ခြင်းဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂-၁၂-၂၀၂၄(တနင်္ဂနွေနေ့)

၁။ ၀၉:၀၀ Sport News

၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက်သဇင်ရဲ့လက်ဆောင်

၃။ ၁၅:၀၀ Jumping For You

၄။ ၁၆:၄၀ I Music

၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း

၆။ ၂၂:၂၀ Goodnight Listeners


မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရိပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ Lumbini Buddhist University ၌ကျင်းပသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့တက်ရောက်ပြီး လုမ္ဗိနီဥယျာဉ်ရှိ မြန်မာရွှေကျောင်းတော်နှင့် ကတ္တမန္ဒူးမြို့ရှိ ဘာသာရေးဆိုင်ရာနေရာများ သွားရောက်



ကတ္တမန္ဒူးမြို့(နီပေါ) ဒီဇင်ဘာ ၁

နီပေါနိုင်ငံဝန်ကြီးချုပ်၏ အထူးဧည့်သည်တော်အဖြစ် နီပေါနိုင်ငံသို့ ကြွရောက်လာသည့် နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ သီတဂူဆရာတော်ကြီးသည် လုမ္ဗိနီတွင် သီတင်းသုံးနေစဉ်ကာလအတွင်း နိုဝင်ဘာလ ၃၀ ရက်က လုမ္ဗိနီဥယျာဉ်အတွင်းရှိမယ်တော်မာယာကျောင်းဝင်းအတွင်းသို့ သွားရောက်သည်။

ထို့နောက် မြန်မာအစိုးရနှင့် စေတနာရှင်ပြည်သူများ လှူဒါန်းတည်ထားကိုးကွယ်သည့် မြန်မာရွှေကျောင်းတော်သို့ သွားရောက်ပြီး မြန်မာရွှေကျောင်းပရိဝုဏ်အတွင်း ရွှေတိဂုံစေတီတော်ပုံတူတည်ထားကိုးကွယ်သည့် လောကမဏိစူဠာစေတီတော်ကို သွားရောက်ဖူးမြော်ကာ စေတီတော်ဝင်းအတွင်း ဆရာတော်ကြီးနှင့် ဒါယကာ၊ ဒါယိကာမများက လှူဒါန်းတည်ဆောက်ထားသည့် အာသောကကျောက်စာတိုင်များ ချွတ်ယွင်းနေမှုများအပေါ် ပြင်ဆင်ရန် ကိစ္စရပ်များနှင့် စေတီတော်ကြီးနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန်ရှိသည်များ၊ မြန်မာရွှေကျောင်းတော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ အရှည်တည်တံ့ရေးနှင့် ဘုရားဖူးလာပြည်သူများ အဆင်ပြေစွာတည်းခိုနိုင်ရေးကိစ္စရပ်များ စီစဉ်ထားရှိမှုများနှင့်ပတ်သက်၍ တင်ပြမှုများအပေါ် လိုအပ်သည်များမိန့်ကြားသည်။

လောကမဏိစူဠာစေတီတော်သည် ၁၉၉၅ ခုနှစ် မေလတွင် နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်၌ မြန်မာနိုင်ငံ၏ ပထမဆုံး သာသနိကအဆောက်အအုံအလှူအဖြစ် မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏ လှူဒါန်းမှုဖြင့် စတင်တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး ရွှေတိဂုံစေတီတော်ပုံတူ ဉာဏ်တော် ၇၂ ပေရှိသည့် စေတီတော်ဖြစ်သည်။

သီတဂူဆရာတော်ကြီးသည် နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါလျက် Thousands of Buddha Temple ဘုန်းတော်ကြီးကျောင်းသို့ ပင့်ဖိတ်မှုအရ သွားရောက်ရာ Thousands of Buddha Temple ကျောင်းထိုင်ဆရာတော်၊ ရဟန်းသံဃာများနှင့် သီလရှင်များ၊ ဒါယကာ၊ ဒါယိကာမများက ကြိုဆိုကြပြီး သီတဂူဆရာတော်ကြီးက ဓမ္မမိတ်ဆွေများအား ဝိပဿနာတရားတော်များ ဟောကြားသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးသည် Lumbini Buddhist University ၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲ (International Seminar on Exploring Gautam Buddha's Teachings on Peacekeeping and Sustainable Development) သို့ တက်ရောက်ပြီး ငြိမ်းချမ်းရေး၏ အရေးကြီးပုံ၊ ငြိမ်းချမ်းရေးသည် တစ်ကမ္ဘာလုံးအတွက်အရေးကြီးသလို လူတစ်ဦးချင်းစီအတွက်ကလည်း ပိုမိုအရေးပါကြောင်း မိန့်ကြားခဲ့သည်။

ဒီဇင်ဘာလ ၁ ရက်တွင် ဆရာတော်ကြီးနှင့် ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ရရှိသူ သီလရှင်ဆရာကြီး ဒေါ်ဓမ္မဝတီ (ခေါ်) သမီးချစ်တို့အား မြန်မာသံရုံးဝန်ထမ်းများနှင့် မိသားစုများက သီတဂူ Dharma Kirti Vihar ကျောင်း၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာတွင် သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများက လိုက်ပါပို့ဆောင်ခဲ့ကြသည်။

သီတဂူဆရာတော်ကြီးသည် ကတ္တမန္ဒူးမြို့ရှိ World Peace Temple ကျောင်းတွင် သီတင်းသုံးနေသည့် သံဃာတော်များအတွက် သင်္ကန်းအစုံ ၁၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**


## အခြေခံပညာအထက်တန်းအဆင့် သင်ကြားနေသည့် ဆရာ ဆရာမများ သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့်မွမ်းမံသင်တန်းဖွင့်လှစ်

ပြည် ဒီဇင်ဘာ ၁

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အခြေခံပညာကျောင်းများမှ အခြေခံပညာအထက်တန်းအဆင့် သင်ကြားနေသည့်ဆရာ၊ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့်မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ပြည်တက္ကသိုလ်ဘက်စုံသုံးခန်းမ၌ နိုဝင်ဘာလ ၃၀ ရက်က ကျင်းပသည်။

ရေးဦးစွာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာလ ၃၀ ရက်နှင့် ဒီဇင်ဘာလ ၁ ရက်တို့တွင် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင် ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ်များ၏ သက်ဆိုင်ရာဘာသာရပ်အလိုက် သင်ထောက်ကူပစ္စည်းများ စနစ်တကျအသုံးပြုပုံ၊ အသုံးပြုနည်းများနှင့် သီအိုရီများကို ပြည်တက္ကသိုလ်မှ ဘာသာရပ်အလိုက်တာဝန်ရှိသူများနှင့် နည်းပြများက စာတွေ့လက်တွေ့ စနစ်တကျသင်ကြားပို့ချပေးလျက်ရှိကြောင်း၊ သင်တန်းသို့ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ၁၄ မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ အခြေခံပညာအထက်တန်းအဆင့် သင်ကြားနေသော ဆရာ၊ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။**ကိုဆက်(ပြန်/ဆက်)**




## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲလျာထားကေထက် ကျော်လွန်စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ ဒီဇင်ဘာ ၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားရေရိက္ခာဖူလုံပိုလျှံစေရန်နှင့် ပဲမျိုးစုံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန် ဒေသခံတောင်သူများက ထောပတ်ပဲစိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံး ၇၇၃၂ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ လက်ရှိအချိန်ထိ ၉၆၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ သတ်မှတ်စိုက်ဧကထက် ကျော်လွန်စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲ ၇၇၃၂ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက ယခုနှစ် အောက်တိုဘာလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ထောပတ်ပဲ ၉၆၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားရေရိက္ခာဖူလုံပိုလျှံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး ထောပတ်ပဲ ၇၇၃၂ ဧက လျာထားစိုက်ပျိုးခဲ့တာ လက်ရှိအချိန်ထိ ၉၆၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ သတ်မှတ်စိုက်ဧကထက် ကျော်လွန်စိုက်ပျိုး ပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းမှာ အဓိကအကျဆုံးက သီးနှံအရည်အသွေးကောင်းမွန်အောင် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးတာ၊ GAP စနစ်နဲ့ စိုက်ပျိုးတာ၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရာမှာသဘာဝပိုးသတ်ဆေးထုတ်လုပ်အသုံးပြုတာ၊ အချိန်မီရိတ်သိမ်းတာစတဲ့နည်းစနစ်တွေကို စနစ်တကျ လိုက်နာဆောင်ရွက်မယ်ဆိုရင် အောင်မြင်ဖြစ်ထွန်းမှုရှိပြီး သီးနှံအထွက်နှုန်းလည်းတိုးတက်စေမှာ ဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

အဆိုပါ ထောပတ်ပဲစိုက်ပျိုးရာတွင် အထွက်နှုန်း တိုးတက်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ၂၀၂၄ ခုနှစ်၊ ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် မိတ်ဆုံစားပွဲကျင်းပ



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများက ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူးပွဲတော် မိတ်ဆုံစားပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁

၂၀၂၄ ခုနှစ်၊ ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်မိတ်ဆုံစားပွဲကို နိုဝင်ဘာလ ၃၀ ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ ခရိုင်အားကစားကွင်း၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးများ၊ ရှမ်းနှစ်သစ်ကူးပွဲတော်ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိ၊ မြို့ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် မိတ်ဆုံစားပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက မွန်းတိုင်းဟန်လီ (ရှမ်းပြည်နယ်အလှ)၊ ခေးဆေလိုင်း (ရှမ်းရိုးရာ) သီချင်းဖြင့် အဖွင့်သီချင်းသီဆိုဖျော်ဖြေခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ရှမ်းနှစ်သစ်ကူးပွဲတော်ဖြစ်မြောက်ရေးကော်မတီနာယကတို့က အမှာစကားများအသီးသီးပြောကြားကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် မိတ်ဆုံစားပွဲအတွက် အလှူငွေများ အသီးသီးပေးအပ်ပြီး တာဝန်ရှိသူများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။ ဆက်လက်၍ ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် သီချင်းဆိုပြိုင်ပွဲနှင့် အကပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ရာ ဆုရရှိသူများက လက်ခံရယူခဲ့ကြသည်။

ယင်းနောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအကအဖွဲ့များက အဆို၊ အကများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာအားကစားလ(ပထမပတ်)စုပေါင်းလမ်းလျှောက်ပွဲများကျင်းပပြုလုပ်



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ (ပထမပတ်)စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ (ပထမပတ်)စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်စဉ်။

နေပြည်တော် ဒီဇင်ဘာ ၁

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာအားကစားလ (ပထမပတ်)စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌ ကျင်းပပြုလုပ်ကြသည်။

ထိုသို့ စုပေါင်းလမ်းလျှောက်ပွဲများကျင်းပပြုလုပ်ရာတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်း၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီး၌ လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့နှင့် တပ်နယ်စစ်ရေးပြကွင်းများ၌လည်းကောင်း အသီးသီးကျင်းပပြုလုပ်ကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများတွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



◆ **ကျောဖုံးမှအဆက်**

အခမ်းအနားတက်ရောက်လာကြသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြ သူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာမသုံးဆောင်မီနှင့်သုံးဆောင် နေစဉ်အတွင်း သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှအနုပညာ ရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင် ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေ ကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် သီဆို တီးမှုတ်ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင် များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဂုဏ်ပြုပန်းခြင်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား (၇၅) ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် အနုပညာ ရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်စဉ်။



(၇၅) ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသား စာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပစဉ်။

# (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားနှင့်ဂုဏ်ပြုညစာစားပွဲအခမ်းအနား မြင်ကွင်းပုံရိပ်များ
















# (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ်ပြခန်း
# ၂၀၂၃ ခုနှစ်အတွက် ဆုရရှိသူများ၏ ဆုရစာအုပ်များနှင့်စာပေဆိုင်ရာ ပြခန်းမြင်ကွင်းပုံရိပ်များ
















# တနင်္သာရီမြို့နယ်၌ ဒီဇင်ဘာလပထမပတ် လူထုလမ်းလျှောက်ပွဲဆင်နွှဲ




တနင်္သာရီ ဒီဇင်ဘာ ၁

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ လူထုလမ်းလျှောက်ပွဲဖြစ်မြောက်ရေးကော်မတီကကြီးမှူး၍ ဒီဇင်ဘာလ ပထမပတ် လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ ၁ ရက် နံနက်ပိုင်းတွင် မြို့တွင်းလမ်းများအတိုင်း စည်ကားသိုက်မြိုက်စွာဆင်နွှဲကြောင်း သိရသည်။

အဆိုပါ လူထုလမ်းလျှောက်ပွဲတွင် ဒီဇင်ဘာလ လူထုလမ်းလျှောက်ပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၇၀၀ ကျော် ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ထိုသို့ဆင်နွှဲရာတွင်ချောင်းကြီးရပ်ကွက်-ကမ်းနားလမ်းရှိ We Love Tanintharyi ဆိုင်းဘုတ်အရှေ့စုရပ်နေရာမှစတင်၍ ကမ်းနားလမ်း-ရွှေလိပ်ပြာလမ်း-ကျန်းမာရေးလမ်း-မင်္ဂလာကြီး(၁)လမ်း-မင်္ဂလာငယ်လမ်း-အာယုလမ်း-မြို့အဝင်လမ်း စသည့် မြို့တွင်းလမ်းများအတိုင်း တပျော်တပါးစုပေါင်းလမ်းလျှောက်ကြသည်၊

ဆက်လက်၍ We Love Tanintharyi ဆိုင်းဘုတ်အရှေ့၌ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပူးပေါင်း၍ ကိုယ်လက်လှုပ်ရှားသွေးပူလေ့ကျင့်ခန်းများကို တပျော်တပါးပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)

# ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

ကံမ ဒီဇင်ဘာ ၁

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပွတ်စုကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက နိုဝင်ဘာလ ၃၀ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးဝင်းနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ပွတ်စုကျေးရွာ၌ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် Slab Culvert နှစ်စင်းတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ပေးမည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ကံမမြို့နယ် ပွတ်စုကျေးရွာ၌ အရှည် ၅ ဖာလုံ၊ အကျယ် ၁၀ ပေ၊ အမြင့် ၉ လက်မရှိသော ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် အရှည် ၁၆ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ၃ ပေရှိသော Slab Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၃၈ ဒသမ ၂၀ သန်းဖြင့် ဇွန်လ ၇ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကိုညို(ကျေးလက်)

# အခြေခံပညာအထက်တန်းဆင့်သင် ဆရာ၊ ဆရာမများ အရည်အသွေးမြှင့်ဆွေးနွေးပွဲကျင်းပ



မိတ္ထီလာ ဒီဇင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှကြီးမှူးကျင်းပသော သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချနိုင်ရေးအတွက် အခြေခံပညာအထက်တန်းဆင့်သင် ဆရာ၊ ဆရာမများအရည်အသွေးမြှင့် ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၃၀ ရက် နံနက်ပိုင်းတွင် မိတ္ထီလာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာဘဟန်နှင့်မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ) ဦးအောင်ဆွေဦးတို့က အမှာစကားပြောကြားသည်။

ထို့နောက် မိတ္ထီလာခရိုင်ပညာရေးမှူး ဒေါ်မော်မော်က ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များနှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင်တို့မှ အခြေခံပညာအထက်တန်းဆင့်သင် ဆရာ၊ ဆရာမ ၁၁၉၇ ဦး တက်ရောက်ကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒသင်ကြားပို့ချနေသည့် အခြေခံပညာအထက်တန်းဆင့်သင် ဆရာ၊ ဆရာမများအား သက်ဆိုင်ရာဘာသာရပ်များအလိုက် သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချနိုင်ရေးအတွက် အရည်အသွေးမြှင့်ဆွေးနွေးပို့ချခြင်းများကို မိတ္ထီလာတက္ကသိုလ်မှ ဆရာ၊ ဆရာမ ၅၉ ဦးက ဦးဆောင်ဆွေးနွေးပို့ချကြောင်း သိရသည်။

(၆၀၂)

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ဆောင်းသီးနှံ မတ်ပဲနှင့်နေကြာစိုက်ပျိုးမှု ကွင်းသရုပ်ပြပွဲနှင့် မဲခေါင် - လန်ချန်းစီမံကိန်းဖြင့် ဆောင်းပဲပုပ်မျိုးပေးအပ်ပွဲကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁**

နေပြည်တော်ကောင်စီနယ်မြေလယ်ဝေး မြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအုပ်စု တောင်သူပညာပေးစံပြကွက်နှင့် အဆင့်မြင့် လယ်ယာမြေဧက ၂၀၀ ရှင်းလင်းဆောင်၌ နိုဝင်ဘာလ ၃၀ ရက်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံ မတ်ပဲနှင့် နေကြာ ၄း၁ စိုက်ပျိုးမှု ကွင်းသရုပ်ပြပွဲနှင့် မဲခေါင်-လန်ချန်းစီမံကိန်းဖြင့် ဆောင်း ပဲပုပ်မျိုးနှင့်သွင်းအားစုများ ပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် သစ်ဆိမ့် ပင်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၈၂၆) ရှိ တောင်သူ ဒေါ်သင်းသင်းခိုင်နှင့် တောင်သူ နှစ်ဦးတို့၏ တောင်သူပညာပေးစံပြကွက် ၅ ဧက၌ မတ်ပဲနှင့်နေကြာ ၄း၁ စိုက်ပျိုး သရုပ်ပြခြင်းများဆောင်ရွက်ရာ တက်ရောက် လာသူများက ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ မဲခေါင်-လန်ချန်းဆီထွက် သီးနှံပဲပုပ်စီမံကိန်းဖြင့် ဆောင်ရွက်မည့် ကျေးရွာအုပ်စုများဖြစ်သည့် ပုံချီ၊ ပြောင် ခေါင်းကြီး၊ အလယ်ကျွန်း၊ ပေါက်မြိုင်၊ ရှမ်းစု၊ ဝင်တဲကူး၊ သဲကောကြီးနှင့် မဒေါ် ပင်ကျေးရွာအုပ်စုတို့မှ ပဲပုပ်စိုက်ဧက ၄၀ အတွက် တစ်ဧကလျှင် တစ်တင်းနှုန်း ဖြင့် ပဲပုပ်မျိုးတင်း ၄၀ နှင့် သွင်းအားစုများ ပေးအပ်ကြောင်း သိရသည်။ (၄၁၃)

## မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**လင်းခေး ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေး မြို့နယ် နမ့်အွန်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့်ဆောင်ရွက် ထားသော လုပ်ငန်းများကို ဒီဇင်ဘာလ ၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစု လင်း၊ လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့များနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာလုပ်ငန်း အဖွဲ့များကိုယ်တိုင် ရေးသွင်းထားသော စာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးသည်။

နမ့်အွန်ကျေးရွာ၌ ၂၀၁၈-၂၀၁၉ ပထမ ခြောက်လဘဏ္ဍာနှစ်မှစတင်ပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်းကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်သူစုစုပေါင်း ၆၀ ဦး ကို ရန်ပုံငွေကျပ် ၄၀ ဒသမ ၃၅ သန်း ထုတ်ချေးပေးထားကြောင်း လင်းခေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်နည်းများ ဇာတ်တိုက်လေ့ကျင့်

**ကျွန်းစု ဒီဇင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစု မြို့နယ် ပြည်သူ့ဆေးရုံ၌ မြို့နယ်မီးသတ် ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးအတွက် မီးငြိမ်းသတ်နည်း များ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းကို နိုဝင်ဘာလ ၃၀ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ ဇာတ်တိုက်လေ့ကျင့်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်စိုးမောင်က မီးလောင်မှု မီးလန့်မှု မဖြစ်ပွားစေရေး၊ မီးသတိမူရေး၊ မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ပြုလုပ်ရ ခြင်းဖြစ်ကြောင်း အသိပညာပေးပြော ကြားသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက ရေစိုအဝတ်ဖြင့်ဖုံးအုပ်၍ မီးငြိမ်းသတ် နည်း၊ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်း၊ ဂက်စ်အိုးစနစ်တကျ အသုံးပြုနည်းတို့ကို ပညာပေးသရုပ်ပြ ကြပြီး တက်ရောက်လာသူများက လက်တွေ့စမ်းသပ်၍ မီးငြိမ်းသတ်ကြရာ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာရဲမင်းဦးနှင့် တာဝန်ရှိသူ များ၊ ကျန်းမာရေးဝန်ထမ်းများက ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင် များက မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ် နည်းများကို ဇာတ်တိုက်လေ့ကျင့်ကြပြီး ပြည်သူ့ဆေးရုံအတွင်း ရေပေးဝေမှုနှင့် မီးသတ်ဆေးဘူးများထားရှိမှု အခြေအနေ များကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားကြောင်း သိရ သည်။ **ထက်မြင့်(ကျွန်းစု)**



**ကြွက်သားအားကောင်းစေရန် လမ်းများများလျှောက်ပေးပါ။**

## ကမ္ဘာကျော်တဲ့စာတော်ပွဲ

✧ စာတော်သာလှ
နတ်တော်လရယ်လို့
ခေါ်ကြတဲ့ ဒီရာသီ။
ဂမုန်းအင် သဇင်မင်းတွေက
သင်းပြန့်တော့သည်။
ငွေလနဲ့မိဂသီ
ပြည့်မီပါလို့ တူပြိုင်ဝင်း။
လဆန်းတစ်ရက်မှာဖြင့်
မြစန်းမထွက်ခင်
အရင်နွှဲလို့ရယ်
ပွဲစလေခြင်း။
✧ ရှေးဦးစွာ ဆရာများကိုဖြင့်
ဖိတ်ကြားဖို့ ပြင်ဆင်။
အားတဲ့ရက် အရမေး
လေးစားစွာပင်။
ကြိုကြိုတင်တင်
လိုချင်သည့်ရက်ကိုရွေး။
အပြေးသွားပါလို့
အလေးထားကာ လက်မနှေး
မေးရတယ်လေး။
✧ ရက်ကလေးရပါမှ
ရတက်အေးရတဲ့ ပွဲတော်ပင်။
အများမြင်အောင်ကြော်ငြာလေး
ရေးသားပြင်ဆင်။
အဘယ်ဆရာ အဘယ်ဆရာမများအပါအဝင်
မကြာခင်ကွဲ့ ကြွလာငြား။
ဌာနေတစ်လွှားရယ်က
စာပေသမားတွေမှာ
အကုန်လာလို့
ခံဆိုတာဘယ်မရရင်ဖြင့်
ဘေးကနာကြား။
✧ တစ်လလုံးပါပဲ
အစအဆုံးကွဲ့ ပြည်ခွင်မှာ။
အရပ်တကာ ဆင်ကာနွှဲ
မလွဲသေချာ။
မြန်မာတို့ရဲ့အစဉ်အလာ
ယခင်ခါနဲ့ ခုမခြား။
ဗမ္ဗူတစ်လွှားမှာဖြင့်
တစ်မူခြားကာ သမ္မာတော်နဲ့
ကမ္ဘာကျော် စာဆိုပွဲကိုကွယ်
နွှဲကြအများ။ ။

**ရှင်နှောင်း**

# ၂၀၂၄ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေးညီလာခံသို့တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တရုတ်နိုင်ငံသို့ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၁**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင် ကျန်းမာရေးဝန်ကြီး H.E. Mr. Lei Haicho ၏ဖိတ်ကြားချက်အရ ဒီဇင်ဘာလ ၃ ရက်နှင့် ၄ ရက်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပမည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေးညီလာခံသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာ ဖိုရမ်သို့တက်ရောက်ရန် ရုရှားနိုင်ငံသို့ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၁**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာလ ၂ ရက်မှ ၆ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ကျင်းပမည့် ၂၀၂၄ ခုနှစ် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာဖိုရမ်သို့တက်ရောက်ရန် ယမန်နေ့ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

# (၂၉)ကြိမ်မြောက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်အစည်းအဝေးတက်ရောက်ရန် ဒုတိယဝန်ကြီး ဦးမင်းမင်း အိန္ဒိယနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းသည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ Bharat Mandapam ၌ ဒီဇင်ဘာလ ၂ ရက်နှင့် ၃ ရက်တို့တွင်ကျင်းပမည့် (၂၉) ကြိမ်မြောက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်းသိရသည်။ **(သတင်းစဉ်)**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၃၀၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်မှ ၈ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၃၀၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၄ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၆ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၃၄ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၅၁ ဒီဂရီဖာရင်ဟိုက်မှ ၆၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၅၈ ရာခိုင်နှုန်းမှ ၆၉ ရာခိုင်နှုန်းအတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၇၀ ရာခိုင်နှုန်းမှ ၈၁ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၈၂ ရာခိုင်နှုန်းမှ ၉၂ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၇ မီလီမီတာမှ ၂၈ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၂၉ မီလီမီတာမှ ၃၉ မီလီမီတာအတွင်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် ၄၀ မီလီမီတာမှ ၄၉ မီလီမီတာအတွင်း အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်ပါသည်။ **(မိုး/ဇလ)**


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆု ကလေးစာပေဆုရ ဆရာ ပုလောစိုးနံ့သာအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆု လူငယ်စာပေဆုရ ဆရာကပ္ပတိန်သာစိန်အား ဆုပေးအပ်ချီးမြှင့်စဉ်။

★ စာမျက်နှာ ၁၅ မှအဆက်

၂၀၀၁ ခုနှစ်ကစပြီး နှစ်စဉ်ချီးမြှင့်ပေးအပ်ခဲ့ကြောင်း။

ယခုနှစ်အတွက် အမျိုးသားစာပေဆုများ ရွေးချယ်ရာတွင် ၂၀၂၃ ခုနှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၁၀၅၀ အတွင်းမှအမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ၁၅ မျိုးကို ရွေးချယ်နိုင်ခဲ့ကြောင်း၊ စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူ ၂၈၄ စောင်အတွင်းမှ ဘာသာရပ် ၁၃ မျိုးအနက် ဆုချီးမြှင့်ရန်ထိုက်တန်သည့် စာမူပေါင်း ၃၀ ကို ရွေးချယ်ခဲ့ပြီးဖြစ်သဖြင့် ယနေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း။

အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့သည့် စာရေးသူများနှင့် စာအုပ်များ၊ စာမူများကို ကြည့်မည်ဆိုပါကလည်း ကလောင်နု၊ ကလောင်လတ်၊ ကလောင်ရင့်များပါဝင်ပြီး ခေတ်အတွေး၊ ခေတ်အမြင်များကို ထင်ဟပ်ဖော်ကျူးပြီး စေတနာစိတ်နှင့် စာနာစိတ်ထားများ ပွားများစေနိုင်သည့် ရသစာပေများ၊ နိုင်ငံဖွံ့ဖြိုးရေးနှင့် လုံခြုံရေးအတွက် ဖြည့်ဆည်းသင့်သည့် ပြည်တွင်းပြည်ပဆိုင်ရာ ခေတ်မီနည်းပညာများ၊ သိပ္ပံပညာရပ်များကို လူအများနားလည်လွယ်အောင် ရေးသားထားသည့် သုတစာပေများကို စာပေအဆင့်အတန်းမီစွာ ရေးသားထားကြသည်ဟု ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်ထားကြောင်း။

အမျိုးသားစာပေတစ်သက်တာဆုကို ချီးမြှင့်ရာတွင်လည်း စာပေပညာရှင်ကြီးများကို အလေးအမြတ်ထားသည့်အနေဖြင့် တစ်နှစ်ထက်တစ်နှစ်အရေအတွက်တိုးပြီး ချီးမြှင့်ရန်ဆောင်ရွက်ခဲ့ကြောင်း၊ စတင်ခဲ့သည့် ၂၀၀၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ တစ်နှစ်လျှင် (၁)ဦးသာချီးမြှင့်ပြီးနောက်ပိုင်းတွင် တစ်နှစ်ကို (၂) ဦး၊ (၃) ဦး ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း၊ မိမိတို့တာဝန်ယူခဲ့သည့် ကာလတွင် တစ်နှစ်လျှင် (၄) ဦးအထိ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း စာပေပညာရှင်ကြီး (၆) ဦးအထိ ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ စာပေပညာရှင်ကြီးများအားလုံးကို အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် နိုင်ငံတော်က ထိုက်တန်စွာချီးမြှောက်ခွင့်ရသည့်အတွက် အတိုင်းမသိဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံး၏ ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်၊ ကောင်းမွန်သည့် ပစ္စုပ္ပန်ကို ကြိုးစားတည်ဆောက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စာပေပညာရှင်ကြီးများ၏အားသည် အလွန်အရေးပါပြီး ကောင်းကျိုးများစွာရရှိနိုင်မည်ဟုလည်းယုံကြည်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း စာပေအနုပညာကဏ္ဍအသီးသီးမှ ပညာရှင်များ မိမိတို့၏အနုပညာကို အရည်အသွေးမြင့်မားစွာ၊ လွတ်လပ်စွာ ဖန်တီးပုံဖော်နိုင်ရေး တတ်စွမ်းသမျှ အားပေးကူညီဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ယခုအခါ စာပေပညာရှင်များနှင့်စာပေလောကအကျိုးကို ဖြည့်ဆည်းပေးမည့် **“စာဆိုဗိမာန်”** အဆောက်အအုံကြီးကိုလည်း အိန္ဒိယနိုင်ငံအစိုးရနှင့်ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

စာအုပ်စာပေထုတ်ဝေရေးကဏ္ဍတွင်လည်း နိုင်ငံတကာနှင့်ချိတ်ဆက်ပြီး စာပေယဉ်ကျေးမှု အပြန်အလှန်ဖလှယ်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ စာပေဆိုင်ရာထူးချွန်ဆုများသာမက စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သည့်ပုဂ္ဂိုလ်များကိုလည်း ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များချီးမြှင့်အပ်နှင်းလျက်ရှိကြောင်း။

မိမိတို့နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို သတင်းအတုအယောင်များ၊ အမုန်းစကားများ၊ ကျင့်ဝတ်သိက္ခာမဲ့ သတင်းအချက်အလက်များက ဟန့်တားဖျက်ဆီးလျက်ရှိကြောင်း၊ တိုင်းရင်းသားညီညွတ်မှုကိုလည်း ပျက်စီးစေနိုင်ကြောင်း၊ မိမိတို့အားလုံးမျှော်မှန်းထားသည့် ငြိမ်းချမ်းရေးပန်းတိုင်ကိုလည်း အနှောင့်အယှက်ဖြစ်စေကြောင်း။

စာမျက်နှာ ၁၂ သို့ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆု နိုင်ငံရေးစာပေဆုရ ဆရာနေဇင်လတ်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆု သုတပဒေသာ(အသုံးချသိပ္ပံ)ဆုရ ဆရာ ဒေါက်တာတင်ထွန်းဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ဝတ္ထုရှည်ပထမဆုရ ဆရာညီမ်းညိုအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ ဆရာမ တက္ကသိုလ်မြမဉ္ဇူအား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၁၁ မှအဆက်

အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်ထောင်စုကြီးကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးတို့တွင် စွမ်းရည်ပြည့်စုံထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ယနေ့အချိန်တွင် အနာဂတ်၏ အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ယင်းအတွက် လိုအပ်သည့်အာဟာရမှာ စာပေလေ့လာဖတ်ရှုခြင်းဖြစ်ပြီး စာပေပညာရှင်၊ စာဆိုတော်များ၏ စာကောင်းပေမွန်များကို လေ့လာဖတ်ရှုသိုမှီးကြရမည်ဖြစ်ကြောင်း။

စာအုပ်စာပေဟူသည်မှာ မည်မျှပင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် ပထမဆုရ ဆရာခက်လှိုင်းကျော်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် ဒုတိယဆုရ ဆရာမ ရွှန်းညို (တာချီလိတ်) အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ(ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ) ဒုတိယဆုရ ဆရာ ဒေါက်တာကောင်းစံအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု စာပဒေသာပထမဆုရ ဆရာအန်ကယ်ပညာအား ဆုပေးအပ်ချီးမြှင့်စဉ်။

ဖွယ်ရာအစဉ်အလာတစ်ရပ်ဖြစ်ကြောင်း၊ အစဉ်အလာကောင်းကို ဝါရင့်စာပေပညာရှင်ကြီးများကထိန်းသိမ်းပြီး မျိုးဆက်သစ်ကလောင်ရှင်များကို လက်ဆင့်ကမ်းပေးကြရန် တိုက်တွန်းလိုကြောင်း၊ မျိုးဆက်သစ်ကလောင်ရှင်များကလည်း စာပေဆိုင်ရာကျင့်ဝတ်၊ နီတိများကိုထိန်းသိမ်းပြီး ခေတ်ကိုထင်ဟပ်စေသည့်၊ အမျိုးဘာသာသာသနာကောင်းကျိုး သယ်ပိုးဆောင်ရွက်နိုင်သည့်၊ နိုင်ငံ့ပုံရိပ်ကိုမြှင့်တင်နိုင်သည့်၊ စာဖတ်ပရိသတ်အတွက် စာဖတ်မှုအရည်အသွေးတိုးမြှင့်စေပြီး ကောင်းကျိုးပြုစေသည့် စာကောင်းပေမွန်များကို ရေးသားဖွဲ့ဆိုနိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းမှာကြားလိုကြောင်းနှင့် မြန်မာစာပေလောက ခိုင်မြဲစည်ပင်ဖွံ့ဖြိုးရေးအတွက် ဆက်လက်ပါဝင်ကူညီပေးကြရန် မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး

ကာလကြာရှည်က ထုတ်ဝေခဲ့သည်ဖြစ်စေ မဖတ်ရ၊ မလေ့လာရသေးပါက အသစ်ပင်ဖြစ်သည့်အတွက် ယခင်ကထုတ်ဝေခဲ့သည့် စာကောင်းပေမွန်များကို မျိုးဆက်သစ်လူငယ်များလေ့လာနိုင်ရန်အတွက်ပြန်လည်ထုတ်ဝေသင့်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီးကထုတ်ဝေခဲ့သည့် လူထုသိပ္ပံကျမ်းတွဲများနှင့် အခြားပြန်လည်ထုတ်ဝေဖြန့်ချိသင့်သည့် စာအုပ်စာပေများကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနက ပြန်လည်ထုတ်ဝေရန်လမ်းညွှန်မှာကြားထားကြောင်း၊ မြဝတီစာပေတိုက်ကလည်း ထုတ်ဝေလျက်ရှိကြောင်း။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို ပြည်သူများလိုလားချက်နှင့်အညီ တည်ဆောက်နိုင်ရေး ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ကလေးစာပေ ပထမဆုရ ဆရာကနောင်နိုင်နွယ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ကလေးစာပေ ဒုတိယဆုရ ဆရာမ အင်ကြင်းမေအား ဆုပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားစာပေ တစ်သက်တာဆုရှင် ဆရာကြီး ဒေါက်တာကျော်ဝင်း (သမိုင်းပါမောက္ခ-ငြိမ်း)က ကျေးဇူးတင်စကား ပြောကြားစဉ်။

ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများအောင်မြင်ရေးအတွက် အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာစေရေးနှင့်အသိပညာကြွယ်ဝသည့် လူ့ပတ်ဝန်းကျင်အသိုက်အဝန်းကို ပုံဖော်တည်ဆောက်ပေးရန်လိုအပ်ကြောင်း၊ ထိုသို့တည်ဆောက်ရာတွင် စာအုပ်စာပေများ၏ အသိပညာပေးမှု၊ လမ်းညွှန်မှုများက သာယာဝပြောသည့် လူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်လာစေရေးကို များစွာအထောက်အကူပြုနိုင်မည်ဟု ယုံကြည်ကြောင်း။

မြန်မာ့သမိုင်းတစ်လျှောက် စာပေစွမ်းအားနှင့် မြန်မာ့ဂုဏ်မြင့်မားအောင်၊ အကျိုးစီးပွားတိုးတက်အောင်ဆောင်ရွက်ခဲ့သည့် ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆို၊ စာဆိုတော်ပညာရှင်ကြီးများကို ချီးကျူးပူဇော်ဂုဏ်ပြုခြင်းသည် မြန်မာတို့၏ ဂုဏ်ယူကောင်ထိုက်နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ၂၀၂၃ ခုနှစ်၊ အမျိုးသားစာပေ တစ်သက်တာဆုရရှိကြသည့် စာပေပညာရှင် ဆရာကြီး ဒေါက်တာမင်းတင်မွန် (ပါရဂူမင်းနန္ဒာ)၊ စာပေပညာရှင်ဆရာကြီး ဒေါက်တာတိုးလှ၊ စာပေပညာရှင်ဆရာကြီး ဦးညွန့်ဆွေ (မောင်ဆွေသက်)၊ စာပေပညာရှင်ဆရာကြီး ဦးသန်းဆွေ(မောင်သန်းဆွေ-ထားဝယ်)၊ **စာမျက်နှာ ၁၃ သို့** ☆



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု နိုင်ငံရေးစာပေ ပထမဆုရ ဆရာကိုတိုး(ရန်ကင်း)အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ပြဇာတ်စာပေဒုတိယဆုရ ဆရာနေစိုးသော်အား ဆုပေးအပ်ချီးမြှင့်စဉ်။

✯ စာမျက်နှာ ၁၂ မှအဆက်

စာပေပညာရှင်ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်းပါမောက္ခ-ငြိမ်း)နှင့် စာပေပညာရှင်ဆရာကြီး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) တို့ကို ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်နှင့် ဦးမောင်မောင်အုန်းတို့က အမျိုးသားစာပေဆုရရှိသူများနှင့် စာပေဗိမာန်စာမူဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး ဦးကျော်ဝင်း သမိုင်းပါမောက္ခ(ငြိမ်း)က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ၎င်းနောက် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များက "စာပေစေတနာ စာပေဆန္ဒ" ယိမ်းအကဖြင့်လည်းကောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက " စာပေဂုဏ်ရောင်ထွန်းပြောင်တန်ဆောင်ဆီမီး " ကဇာတ်ဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့်အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁**

ထားဝယ်တိုင်းရင်းသား စုစည်းမှုကော်မတီ(ရန်ကုန်)မှ ကြီးမှူးကျင်းပသည့် သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့အခမ်းအနားကို ဒီဇင်ဘာလ ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ကပွဲခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ထားဝယ်အမျိုးသားအလံတော်တို့ကို အလေးပြုကြသည်။ ထို့နောက် ထားဝယ်တိုင်းရင်းသားစုစည်းမှုကော်မတီ(ဗဟို) နာယကဆရာတော် ဘဒ္ဒန္တကုလန္ဒောဘာသ (ရတနာထားဝယ်) အရှင်သူမြတ်က ဩဝါဒစကားမြွက်ကြားတော်မူသည်။

ဆက်လက်၍ ထားဝယ်တိုင်းရင်းသားစုစည်းမှုကော်မတီ(ရန်ကုန်)မှ ပေးပို့သော သဝဏ်လွှာအား ထားဝယ်တိုင်းရင်းသားစုစည်းမှုကော်မတီ(ရန်ကုန်) ကော်မတီဝင် ဦးတင်စိုးကဖတ်ကြားပြီးနောက် ထားဝယ်အမျိုးသားနေ့အခမ်းအနားဖြစ်ပေါ်လာပုံအကြောင်းကို ထားဝယ်တိုင်းရင်းသားစုစည်းမှုကော်မတီဥက္ကဋ္ဌ ဦးဉာဏ်ဇော်က ရှင်းလင်းပြောကြားကာ သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့အခမ်းအနားနှင့်စပ်လျဉ်း၍ ထားဝယ်တိုင်းရင်းသားစုစည်းမှုကော်မတီ (ရန်ကုန်)ကော်မတီဝင် ဦးကြည်စိန်လေးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ထားဝယ်သူ၊ ထားဝယ်သားများက ထားဝယ်ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြရာ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။




သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့အခမ်းအနားကို ထားဝယ်တိုင်းရင်းသားများ အမျိုးသားရေးစိတ်ဓာတ်နိုးကြားလာစေရန်၊ ထားဝယ်တိုင်းရင်းသားများ ပိုမိုစုစည်းမိလာစေရန်၊ စုစည်းရရှိလာသော အင်အားစုဖြင့် ထားဝယ်တိုင်းရင်းသားအရေးနှင့် ပတ်သက်သောကိစ္စများကို စုစည်းညီညွတ်စွာ လုပ်ဆောင်နိုင်ရန်နှင့် ထားဝယ်တိုင်းရင်းသားအချင်းချင်း ရိုင်းပင်းကူညီလိုသောစိတ်ဓာတ်များ မြင့်မားလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သိန်းဝင်း**

# ဇီးကုန်းမြို့နယ် ညောင်ပင်ဘိုရွာသစ်ကျေးရွာ၌ ကျေးရွာရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဇီးကုန်း ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ညောင်ပင်ဘိုရွာသစ်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုငွေဖြင့် ကျေးရွာရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာလ ၁ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ညောင်ပင်ဘိုရွာသစ်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ လျှပ်စစ်ရေတင်စနစ်တပ်ဆင်ခြင်းလုပ်ငန်း၊ ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းတိုးတက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ညောင်ပင်ဘိုရွာသစ်ကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ လျှပ်စစ်စနစ်သုံး ရေတင်ပန့်တပ်ဆင်ခြင်းလုပ်ငန်းနှင့် အရှည်ပေ ၁၀၀၀ ရှိ ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းတို့ကို ပြည်ထောင်စုခွင့်ပြုငွေကျပ် ၃၆ ဒသမ ၁၇၅ သန်း အသုံးပြုပြီး ပျူတိုင်းသားကုမ္ပဏီက ဇွန်လ ၁၅ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါလုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ညောင်ပင်ဘိုရွာသစ်ကျေးရွာရှိ အိမ်ခြေ ၂၅၁ အိမ် လူဦးရေ ၁၀၁၂ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**ချိုလေး**

# မအူပင်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်း ၂၃၄၈ ဧက လျာထားစိုက်ပျိုးလျက်ရှိ

**မအူပင် ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်း ၂၃၄၈ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း မအူပင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်း၏ပြောပြချက်အရ သိရသည်။

မအူပင်မြို့နယ်၌ ဆောင်းသီးနှံပဲတီစိမ်း ၂၃၄၈ ဧကကို နိုဝင်ဘာလတတိယပတ်က စတင်စိုက်ပျိုးလျက်ရှိပြီး အဆိုပါ ပဲတီစိမ်း လျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"မအူပင်မြို့နယ်မှာ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်းကို ၂၃၄၈ ဧက လျာထားစိုက်ပျိုးနေပါတယ်။ လက်ရှိလျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကနေ စိုက်ပျိုးရေးနည်းပညာတွေနဲ့ တခြားလိုအပ်တာတွေကို ဆောင်ရွက်ပေးနေပါတယ်" ဟု ဦးဇော်မင်းထွန်းက ပြောသည်။

မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများ ပဲတီစိမ်းစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များရရှိစေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေးအတွက် တောင်သူအသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# အသိပညာဗဟုသုတနှင့် စိတ်ဓာတ်ခွန်အားမြင့်မားရေး စာပေပညာရှင်များ ဝိုင်းဝန်းစွမ်းဆောင်ပေး

နတ်တော်လရာသီသည် စာပေရနံ့ထုံမွမ်းသောကာလဖြစ်ပြီး ခေတ်အဆက်ဆက် စာဆိုတော်တို့ သီကုံးရေးဖွဲ့ခဲ့သည့် စာပေ၏တန်ဖိုး၊ စာပေ၏စွမ်းအားတို့ကို ပြန်လည်ဖော်ကျူးသည့်ကာလဖြစ်သည်။ နတ်တော်လသည် ဟေမန္တဆောင်းဥတုသို့ ဝင်လုသော အခါသမယလည်းဖြစ်ပါသည်။ နတ်တော်လ၏ရာသီအမည်မှာ ဓနုရာသီဖြစ်ပြီး ရာသီပန်းအနေဖြင့် ဂမုန်းပန်း၊ သဇင်ပန်းများ ပွင့်ဖူးကြသည်။ နတ်တော်လကို ရှေးအခါက မဟာပိန္နဲနတ်ကို ပူဇော်သောလအဖြစ် "မဟာပိန္နဲ၊ နတ်မင်းပွဲမှာ၊ ကျွဲးမြဲပူဇော်၊ လနတ်တော်" ဟူ၍ ရေးဖွဲ့ခဲ့ကြသည်။ နတ်တော်လ၏ ရာသီပွဲတော်မှာ စာဆိုတော်ပွဲဖြစ်ပါသည်။ ရှေးမြန်မာမင်းများလက်ထက်ကပင် နတ်တော်လ၌ စာဆိုတော်ကြီးများကို ချီးမြှင့်ပူဇော်သော စာဆိုတော်ပွဲနေ့ကို ကျင်းပခဲ့ကြပါသည်။ ခေတ်ကာလပြောင်းလဲ၍ ခေတ်မီတိုးတက်လာသည်နှင့်အညီ နတ်တော်လတွင် စာဆိုတော်ပွဲများကို ရာသီပွဲတော်အဖြစ် ပြောင်းလဲသတ်မှတ်ကာ နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။

> **စာဆိုတော်နေ့အခမ်းအနားကို ၁၉၄၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက် (၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့)တွင် ကန်တော်ကြီးစောင်းရှိ မြို့ပြဇာတ်ရုံ၌ ပထမဆုံးအကြိမ်အဖြစ် စတင်ကျင်းပခဲ့၊ ယခု ၂၀၂၄ ခုနှစ်သည် (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသား စာပေဆုအထိမ်းအမှတ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသား စာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်အပ်နှင်းသည့်နှစ်ဖြစ် . . .**

**စာဆိုတော်နေ့ဖြစ်ပေါ်လာပုံ**

စာဆိုတော်နေ့ဖြစ်တည်လာရခြင်းမှာ ၄-၅-၁၉၄၄ ရက်နေ့တွင် ကွမ်းခြံကုန်းရှိ အာရှလူငယ်အစည်းအရုံး၌ ဦးပုညနေ့ကျင်းပရာမှ စတင်ခဲ့ခြင်းဖြစ်သည်။ ၈-၅-၁၉၄၄ ရက်နေ့တွင် ဦးဝိစာရလမ်း၊ နဝရတ်ရိပ်သာဝင်းအတွင်းရှိ ဝန်ကြီး ဦးလှမင်းရုံးခန်းတွင် စာဆိုတော်နေ့ကျင်းပရန် အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့ရာ စာဆိုတော်နေ့အဖြစ် ရက်တစ်ရက်ကို သတ်မှတ်ကြရန် ဆုံးဖြတ်ကြရာ၌ ဂျာနယ်ကျော် ဦးချစ်မောင်က ရှေးမြန်မာမင်းများလက်ထက်က နတ်တော်လတွင် မြန်မာဘုရင်များ ဘွဲ့ထူးဂုဏ်ထူးများပေးအပ်ကြမြဲဖြစ်သဖြင့် နတ်တော်လအတွင်း နေ့တစ်နေ့ကို သတ်မှတ်ရန်ဆုံးဖြတ်ခဲ့ကြသည်။ ဤသို့ဖြင့် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ်သတ်မှတ်ကာ နှစ်စဉ်ကျင်းပရန် သဘောတူခဲ့ကြသည်။ စာဆိုတော်နေ့အခမ်းအနားကို ၁၉၄၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက် (၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့)တွင် ကန်တော်ကြီးစောင်းရှိ မြို့ပြဇာတ်ရုံ၌ ပထမဆုံးအကြိမ်အဖြစ် စတင်ကျင်းပခဲ့သည်။

နိုင်ငံတော်အစိုးရအဆက်ဆက်သည် စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စာဆိုတော်နေ့တွင် စာပေဆုနှင်းသဘင်ပွဲများ ဆင်ယင်ကျင်းပကာ စာပေဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ၁၉၄၈ ခုနှစ်မှစတင်၍ စာပေဗိမာန်ကာလပေါ် ဝတ္ထုဆုအဖြစ် စတင်ပေးအပ်ချီးမြှင့်ခဲ့သည်။ ၁၉၄၉ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ စာပေဗိမာန်ဆု၊ ၁၉၆၂ ခုနှစ်တွင် အနုပညာဆိုင်ရာစာပေဆုများပေးအပ်ခဲ့ပြီး ယခုအချိန်တွင် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို ဆက်လက်ပေးအပ်ခဲ့ပါသည်။ ယခု ၂၀၂၄ ခုနှစ်သည် (၇၅)ကြိမ်မြောက် စိန်ရတု အမျိုးသားစာပေဆုအထိမ်းအမှတ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်အပ်နှင်းသည့်နှစ်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည်မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် "စာဆိုဗိမာန်" ကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရိပ်ကွက်ရှိ မြေကွက် ၂ ဒသမ ၁၈ ဧကပေါ်တွင် တည်ဆောက်လျက်ရှိသည်။

စာဆိုတော်နေ့တွင် စာဖတ်ခြင်းဓလေ့ကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ စာဖတ်ခြင်းသည် စာဖတ်သူအတွက် အသိပညာကျယ်ပြန့်စေရုံသာမက စိတ်နှလုံးကိုလည်း သိမ်မွေ့စေသည်။ တွေးတောဆင်ခြင်နိုင်သည့်စွမ်းရည်ကို မြင့်မားစေနိုင်သည်နှင့်အမျှ ကောင်းမှုနှင့် မကောင်းမှု၊ အမှန်နှင့်အမှားတို့ကို ခွဲခြားသိမြင်နိုင်စေသည်။ စာဖတ်ခြင်းက ဗဟုသုတကြွယ်ဝစေရုံသာမက စကားလုံးဝေါဟာရများကိုလည်း တိုးပွားစေရာ စာများများဖတ်သူသည်စကားပြောရာတွင်လည်း လိမ္မာပြေပြစ်စွာ၊ ပညာသားပါပါ၊ ချိုချိုသာသာ ပြောနိုင်စွမ်းရှိကြသည်။ ထို့ပြင် စာဖတ်ခြင်းဖြင့် ဦးနှောက်ကို အားကောင်းစေခြင်း၊ တခြားသူအပေါ် စာနာနားလည်နိုင်စွမ်းမြင့်မားလာခြင်း၊ စိတ်ဖိစီးမှုကို လျှော့ချခြင်းနှင့် ဝေါဟာရအသုံးအနှုန်းကြွယ်ဝလာခြင်း စသည့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများစွာရရှိစေသည်။

**စာအုပ်စာပေလူ့မိတ်ဆွေ**

မေ့လျော့နေသော အကြောင်းအရာအဖြစ်အပျက်တို့ကို မိတ်ဆွေတို့အား မေးမြန်းခြင်းဖြင့် ပြန်လည်အစဖော်နိုင်သကဲ့သို့ စာအုပ်အတွင်းမှ ပြန်လည်တူးဆွ အစဖော်နိုင်သည်။ စာအုပ်စာပေတို့ကို မိမိ၏မိတ်ဆွေတစ်ဦးနှယ်မေးမြန်းနိုင်သည်။ မိမိမသိသည့် အသိပညာ၊ စကားလုံး၊ ခံစားမှုရသ စသည်တို့ကို သိစေအပ်သည့် မိတ်ဆွေကောင်းတစ်ဦးနှယ်ဖြစ်သည်။ မိမိအား ဆင်ခြင်တုံတရားကိုလည်း သင်ကြားပြောပြပေးသူဖြစ်သည်။ မိတ်ကောင်းဆွေကောင်းအမြဲရှိနေသလို မိမိလက်ဝယ် စာကောင်းပေမွန်တစ်အုပ်သည် အမြဲရှိနေသင့်သည်။ စာဖတ်သူတို့ ပျော်ရွှင်စေရန်၊ အသိအလိမ္မာရရှိရန်နှင့် အကျိုးအကြောင်း ဆင်ခြင်နိုင်စေရန် စေတနာကို အရင်းခံထား၍ ရေးသားထားသော စာအုပ်မှန်သမျှသည် မိမိ၏မိတ်ဆွေများပင်ဖြစ်သည်။

**စာပေဖတ်ခြင်း၏ကျေးဇူး**

လူတိုင်းသည် ဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြသည်။ စာဖတ်မှုအလေ့အကျင့်မရှိခြင်းသည် လူတစ်ဦးချင်းစီ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် အခက်အခဲများကြုံတွေ့နိုင်သည်။ စာအုပ်စာပေဖတ်ရှုမှုသည် မိမိဘဝကိုအကျိုးပြုသည်။ မြန်မာနိုင်ငံသည် ကမ္ဘာနှင့်ယှဉ်ပြိုင်နိုင်သည့် လူ့ဘောင်တည်ဆောက်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်သဖြင့် ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ပညာတတ်များ၊ စာဖတ်သူများ မွေးထုတ်ပေးရန်လိုအပ်သည်။ ကမ္ဘာပေါ်ရှိဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတိုင်းသည် ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိသည်။ အွန်လိုင်းမီဒီယာများ၌ စာပေဖတ်ရှုနိုင်သည်ဖြစ်သော်လည်း အဆိပ်အတောက်သတင်းအချက်အလက်များ လွှမ်းမိုးနေသည်ဖြစ်၍ မိမိဘဝကို အကျိုးရှိစေမည့် စာပေများကိုသာ ရွေးချယ်ဖတ်ရှုလေ့လာရန်လိုအပ်သည်။ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေနိုင်သည့် စာအုပ်စာပေများကို ရွေးချယ်ဖတ်ရှုရန်လည်း လိုအပ်သည်။ စာသင်ကျောင်းများတွင် စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းဖြင့်လည်း စာဖတ်ရှိန်ကို မြှင့်တင်ပေးနိုင်သည်။

စာပေဖတ်ရှုခြင်းတွင် အပျော်ဖတ်စာပေမှစတင်၍ ဗဟုသုတရရှိသည့် စာပေအထိဖတ်ရှုရန် လိုအပ်သည်။ မှန်ကန်ကောင်းမွန်သည့် အသိပညာများ စုဆောင်းရရှိထားခြင်းသည် ဘဝတစ်လျှောက်လုံး ဖြတ်သန်းမှုအတွက် အကျိုးရှိစေမည်ဖြစ်သဖြင့် လူတိုင်းစာဖတ်နိုင်ရေးအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးရမည်ဖြစ်သည်။ စာဖတ်ခြင်းဖြင့် အကျိုးကျေးဇူးများစွာကိုရရှိနိုင်သည်။ စာအုပ်စာပေကို နားလည်အောင် (Comprehension) ဖတ်၍ နားလည်လာသည်နှင့်အမျှ ဖတ်နေသည့်စာကို အရသာခံတတ်အောင် (Literary Appreciation) ဖတ်ရမည်ဖြစ်သည်။ အရသာရှိသော အစာကို အဖန်တလဲလဲစားချင်စိတ်ရှိလာသည့်နှယ် အရသာရှိသော စာကိုထပ်ကာထပ်ကာ ဖတ်ချင်စိတ်ဖြစ်အောင် လေ့ကျင့်ရမည်ဖြစ်သည်။ စာဖတ်များလာပါက ခြုံငုံနားလည်နိုင်စွမ်း (Reading Comprehension) သည် မြင့်မားလာမည်ဖြစ်သည်။ စာကိုဝေဖန်ပိုင်းခြား ဖတ်ရှုသည့် အလေ့အကျင့်ကောင်းကိုလည်း မိမိကိုယ်မိမိ ပြုစုပျိုးထောင်ပေးရပါမည်။ ဝေဖန်ပိုင်းခြားစွာ စာဖတ်သည့်အခါ ဖတ်ရှုနေသော စာသားကိုသာမက စာဖတ်နေသည့် မိမိကိုယ်မိမိမေးခွန်းများထုတ်လာနိုင်မည်ဖြစ်သောကြောင့် ဝေဖန်ပိုင်းခြားနိုင်သော တွေးခေါ်မှုကို ထက်မြက်စေပါသည်။

> **စာပေများကို ဖတ်ရှုခြင်းက စိတ်အတွင်းပိုင်းကိုတိုးတက်စေပြီး ပတ်ဝန်းကျင်နှင့်ကောင်းမွန်သော ဆက်ဆံရေးများ တည်ဆောက်နိုင်၊ စွမ်းအားရှိသော စာပေ၏အကျိုးဆက်သည် နိုင်ငံသားတို့၏ စိတ်ပိုင်းဆိုင်ရာအားနည်းမှု၊ အသိအမြင်ကျဉ်းမြောင်းမှုကို ဖယ်ရှားနိုင်၍ မျိုးချစ်စိတ်ရှိမှု၊ ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မှုတို့ကို ပေါက်ပွားစေ . . .**

"ကမ္ဘာပတ်စရာမလိုဘူး၊ စာဖတ်ရုံနဲ့အကုန်သိနိုင်တယ်"ဟူ၍ စာဖတ်ခြင်းဖြင့် အရာရာကိုသိရှိနိုင်ကြောင်းကို ဖော်ညွှန်းကြသည်။ စာဖတ်ခြင်းသည် အဆိုးမှအကောင်းကို ပြောင်းလဲစေနိုင်သည်။ "အလိမ္မာစာမှာရှိ" ဟုလည်း ဖော်ညွှန်းကြသည်။ "ကလေးတွေ စာဖတ်ကြလေ၊ ဒါမှ သူများထက်သာမှာ၊ သူများအလိမ်အညာမခံရမှာ"ဟူ၍ ဘိုးဘွား၊ လူကြီး၊ မိဘများက ကလေးသူငယ်၊ ကျောင်းသား၊ ကျောင်းသူများကို ဆိုဆုံးမကြသည်။ စာပေနယ်၌ ထင်ရှားသောစာရေးဆရာကြီး အောင်သင်းက "ဘယ်သူတွေက ဘာပြောနေနေ မင်းကိုယ်ကိုမင်းချစ်ရင်ပညာသင်ပါ၊ စာဖတ်ပါ၊ တိုင်းပြည်နဲ့လူမျိုးကိုချစ်ရင် ပညာသင်ပါ၊ စာဖတ်ပါ" ဟု ပြောကြားခဲ့သည်။

**စိတ်ခံစားမှု၊ အသိပညာနှင့် စာပေအရေးအသားတိုးတက်ခြင်း**

စာဖတ်ခြင်းဖြင့် လူတစ်ယောက်၏ အသိပညာကွင်းစုံ အပြည့်အစုံတိုးတက်လာသည်။ စာအုပ်များ၊ သတင်းစာများနှင့် အခြားစာရွက်စာတမ်းများကိုဖတ်ခြင်းဖြင့် အကြောင်းအရာများကို သေချာစွာသိရှိနိုင်သည်။ လက်ရှိကမ္ဘာ့အခြေအနေ၊ နည်းပညာများနှင့်ယဉ်ကျေးမှုဆိုင်ရာ အသိပညာများကို တိုးတက်စေသည်။ ထို့ပြင် စာဖတ်ခြင်းသည် စိတ်ခံစားမှုပိုမိုတိုးတက်စေပါသည်။ စာပေများကို ဖတ်ရှုခြင်းက စိတ်အတွင်းပိုင်းကိုတိုးတက်စေပြီး ပတ်ဝန်းကျင်နှင့်ကောင်းမွန်သော ဆက်ဆံရေးများ တည်ဆောက်နိုင်စေပါသည်။ စာဖတ်ခြင်းသည် စိတ်မှတ်ဉာဏ်၊ မေ့ချပေးနိုင်သောအရာများကို စဉ်ဆက်မပြတ်မှတ်မိစေပါသည်။ လူတစ်ယောက်သည် အခြားသူများ၏ ရေးသားထားသော အတွေးအခေါ်များကို ဖတ်ရှုခြင်းက တီထွင်နိုင်စွမ်းပိုမိုရှိစေပြီး မျှတမှုနှင့်ကောင်းမွန်သော သဘောထားများကို ဖြစ်ပေါ်စေပါသည်။ ထို့ပြင် စာဖတ်ခြင်းကြောင့် လူများကိုစကားပြောဆိုခြင်းနှင့် စာရေးခြင်းတို့၌ ပိုမိုကျွမ်းကျင်လာစေပါသည်။ စာဖတ်ရာတွင် အသုံးပြုသော စကားလုံးများ၊ စာသုံးပုံများသည် လူတစ်ယောက်၏ စကားပြောဆိုမှုနှင့် စာရေးမှုကို ပိုမိုတိုးတက်စေပါသည်။

စွမ်းအားရှိသော စာပေ၏အကျိုးဆက်သည် နိုင်ငံသားတို့၏ စိတ်ပိုင်းဆိုင်ရာအားနည်းမှု၊ အသိအမြင်ကျဉ်းမြောင်းမှုကိုဖယ်ရှားနိုင်၍ မျိုးချစ်စိတ်ရှိမှု၊ ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မှုတို့ကို ပေါက်ပွားစေပါသည်။ ပြည်သူများ အသိပညာဗဟုသုတနှင့် စိတ်ဓာတ်ခွန်အားမြင့်မားရေးကို စာပေပညာရှင်များက ဝိုင်းဝန်းစွမ်းဆောင်ပေးခြင်းဖြင့် ကျွန်တော်တို့၏ နိုင်ငံတော်ကြီးသည် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ပင်ဖြစ်ပါကြောင်းကို စာဆိုတော်နေ့ကို ဂုဏ်ပြုကြိုဆို၍ ရေးသားလိုက်ရပါသည်။ ။

**ကိုဘုန်း(ထုတ်လုပ်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသား စာပေဆုအထိမ်းအမှတ်ဂုဏ်ပြုလက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။

**❖ ယခုနှစ်အတွက် အမျိုးသားစာပေဆုများရွေးချယ်ရာတွင် ၂၀၂၃ ခုနှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၁၀၅၀ အတွင်းမှ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့်ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ၁၅ မျိုးကို ရွေးချယ်နိုင်ခဲ့၊ စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင် စာမူ ၂၈၄ စောင်အတွင်းမှ ဘာသာရပ် ၁၃ မျိုးအနက် ဆုချီးမြှင့်ရန်ထိုက်တန်သည့် စာမူပေါင်း ၃၀ ကို ရွေးချယ်ခဲ့ပြီးဖြစ် . . .**

**❖ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့သည့် စာရေးသူများနှင့်စာအုပ်များ၊ စာမူများကိုကြည့်မည်ဆိုပါကလည်း ကလောင်နု၊ ကလောင်လတ်၊ ကလောင်ရင့်များ ပါဝင်ပြီး ခေတ်အတွေး၊ ခေတ်အမြင်များကို ထင်ဟပ်ဖော်ကျူးပြီး စေတနာစိတ်နှင့် စာနာစိတ်ထားများပွားများစေနိုင်သည့် ရသစာပေများ၊ နိုင်ငံဖွံ့ဖြိုးရေးနှင့်လုံခြုံရေး အတွက် ဖြည့်ဆည်းသင့်သည့် ပြည်တွင်းပြည်ပဆိုင်ရာ ခေတ်မီနည်းပညာများ၊ သိပ္ပံပညာရပ်များကို လူအများနားလည်လွယ်အောင်ရေးသားထားသည့် သုတစာပေများကို စာပေအဆင့်အတန်းမီစွာ ရေးသားထားကြသည်ဟု ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်ထား . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များက ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များက ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆု ဝတ္ထုရှည်ဆုရ စာရေးဆရာကြည်မင်းဝေအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆု စာပဒေသာဆုရ ဆရာမြင်းမူမောင်နိုင်မိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

နှစ်စဉ်ချီးမြှောက်ဂုဏ်ပြုခြင်းသည် နိုင်ငံ၏ ကောင်းမြတ်သည့်အစဉ်အလာပင် ဖြစ်ကြောင်း၊ ထိုသို့ ကောင်းမွန်သည့် အစဉ်အလာကောင်းကို ၁၉၄၈ ခုနှစ်က စတင်ကျင်းပခဲ့သည်မှာ ယခုဆိုပါက (၇၅) ကြိမ်မြောက်ရှိပြီဖြစ်သဖြင့် စိန်ရတုသက်တမ်းသို့ရောက်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်၏လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုဖြင့် ၁၉၄၇ ခုနှစ်၊ ဩဂုတ်လတွင်တည်ထောင်ခဲ့သည့် စာပေဗိမာန်သည် တိုင်းရင်းသားပြည်သူများ နိုင်ငံတကာဗဟုသုတတိုးပွားရေးအတွက်ဘာသာပြန်စာပေများထုတ်ဝေခဲ့သကဲ့သို့ မြန်မာစာပေဖွံ့ဖြိုးရေးအတွက် ၁၉၄၈ ခုနှစ်တွင် **"စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု"** ကို စတင်ချီးမြှင့်ခဲ့ကြောင်း။

**"စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု"** ကို **"စာပေဗိမာန်ဆု"**၊ **"အနုပညာစာပေဆိုင်ရာဆု"**၊ **"အမျိုးသားစာပေဆု"** စသည်ဖြင့် ဆုအမည်ကို အဆင့်ဆင့်ပြောင်းလဲခဲ့ပြီး ဆုချီးမြှင့်မယ့်ဘာသာရပ်များ၊ ဆုငွေများကိုလည်း အခါအားလျော်စွာတိုးချဲ့၊ တိုးတက်ချီးမြှင့်ခဲ့ကြောင်း၊ ယခု ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် ဆုချီးမြှင့်မည့် ဘာသာရပ်(၁၉)မျိုးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ပုံနှိပ်ထုတ်ဝေခြင်းမပြုဖြစ်သေးသည့် ကလောင်ရှင်တို့၏ ကောင်းမွန်သည့်လက်ရာစာမူများကို စာအုပ်အဖြစ်ထုတ်ဝေဖြန့်ချိနိုင်ရန် ရည်ရွယ်ပြီး **"စာပေဗိမာန်စာမူဆု"** ကိုလည်း နှစ်စဉ်ရွေးချယ်ပြီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း၊ ယခုနှစ်အတွက် စာပေဗိမာန်စာမူဆုတွင် ဘာသာရပ် ၁၃ မျိုး ဆုချီးမြှင့်မည်ဖြစ်ကြောင်း။

ထို့ပြင် မိမိတို့ မြန်မာနိုင်ငံတွင် မြန်မာစာပေနှင့်နိုင်ငံနှင့်လူမျိုးအကျိုးကို တစ်သက်တာလုံးစာအုပ်စာပေများ အားထုတ်ရေးသားပြုစုခဲ့ပြီး ထူးချွန်ပြောင်မြောက်စွာ တာဝန်ကျေခဲ့ကြသည့်ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်ကအသိအမှတ်ပြုသည့်အနေဖြင့် **"အမျိုးသားစာပေတစ်သက်တာဆု"**ကို **စာမျက်နှာ ၁၁ သို့**★





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ်ပြခန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ်ပြခန်း ၂၀၂၃ ခုနှစ်အတွက် ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များ၊ စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုစဉ်။

**❖ စာပေသည် လူ့အဖွဲ့အစည်း၏ အကြံအစည်၊ အပြုအမူ၊ အနေအထိုင်၊ ဓလေ့ထုံးစံ၊ ဘာသာတရား၊ ပေါင်းသင်းဆက်ဆံရေးစသည့်ကိစ္စများအပြင် ယဉ်ကျေးမှုအနုပညာအပေါင်းတို့၏ အစပြုရာဖြစ်၊ စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပြီး စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံများပင်ဖြစ်၊ စာအုပ်စာပေသည် လူသားများအတွက် မိတ်ဆွေကောင်းဖြစ်ပြီး စာပေမြင့်လာသည်နှင့်အမျှ လူမျိုးလည်းတင့်တယ်ဝင့်ကြွားလာမည်ဖြစ် . . .**

**❖ နိုင်ငံနှင့် ပြည်သူများ၏ကောင်းကျိုးအတွက် အားထုတ်ရေးဖွဲ့ထုတ်ဝေခဲ့ကြသည့် စာဆိုကြီးများ၏ စာကောင်းပေမွန်လက်ရာများကို နိုင်ငံတော်အဆင့် အမျိုးသားစာပေဆုအဖြစ်ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း နှစ်စဉ်ချီးမြှောက်ဂုဏ်ပြုခြင်းသည် နိုင်ငံ၏ကောင်းမြတ်သည့် အစဉ်အလာပင်ဖြစ်၊ ကောင်းမွန်သည့် အစဉ်အလာကောင်းကို ၁၉၄၈ ခုနှစ်က စတင်ကျင်းပခဲ့သည်မှာ ယခုဆိုပါက (၇၅) ကြိမ်မြောက်ရှိပြီဖြစ်သဖြင့် စိန်ရတုသက်တမ်းသို့ရောက်ခဲ့ပြီဖြစ် . . .**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အင်းဝခေတ်မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှုပြခန်း၊ စာပေဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင် ဆရာကြီး ဒေါက်တာတိုးလှအား ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင် ဆရာကြီး ဦးသန်းဆွေ (မောင်သန်းဆွေ-ထားဝယ်)အား ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုရ စာပေပညာရှင် ဆရာကြီး ဦးညွန့်ဆွေ (မောင်ဆွေသက်)အား ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြု လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။

☆ **ရှေ့ဖုံးမှအဆက်**

ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များ၊ စာပေဝါသနာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့ က စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ်ပြခန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ်ပြခန်း ၂၀၂၃ ခုနှစ်အတွက် ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များ၊ စာအုပ်စာစောင်များနှင့် အင်းဝခေတ်မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှုပြခန်း၊ စာပေဆိုင်ရာပြခန်းများကိုလှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၏ "စိန်ရတုမှသည်ရာထောင်ချီ" စာပေဆုနှင်းသဘင်ဂုဏ်ပြုသီချင်းဖြင့်ဖျော်ဖြေတင်ဆက်မှုနှင့် "နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ်ကို စာပေဂုဏ်ဖြင့်မြှင့်တင်မည်" မှတ်တမ်း Video Clip ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်တွင် မိမိနိုင်ငံနှင့် အများပြည်သူတို့၏ ကောင်းကျိုးအဖြာဖြာကို စာပေကလောင်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကိုလေးမြတ်ဂုဏ်ပြုလျက် စာဆိုတော်နေ့အခမ်းအနားကို ၁၉၄၄ ခုနှစ်မှစတင်ပြီး မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ခုအဖြစ် ကျင်းပလာကြခြင်းဖြစ်ကြောင်း။

မြန်မာစာပေသမိုင်းကို ပြန်ကြည့်မည်ဆိုပါက ပုဂံခေတ်ကစပြီး ယနေ့ခေတ်ကာလအထိ နှစ်ပေါင်းထောင်ချီဖြတ်သန်းလာခဲ့ပြီဖြစ်ကြောင်း၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်များမှ ယနေ့ခေတ်ကာလအထိ မြန်မာ့ယဉ်ကျေးမှုအနုပညာအဖြာဖြာ၏ ပင်စည်မဏ္ဍိုင်ကြီးဖြစ်သည့် စာပေနယ်ပယ်ကြီးဖွံ့ဖြိုးတိုးတက်ခဲ့သည့် အစဉ်အလာကောင်းကို ပိုမိုခိုင်မာတိုးတက်အောင် ဆောင်ရွက်ခဲ့ကြသဖြင့် လေးစားဂုဏ်ယူပါကြောင်း။

စာပေသည် လူ့အဖွဲ့အစည်း၏ အကြံအစည်၊ အပြုအမူ၊ အနေအထိုင်၊ ဓလေ့ထုံးစံ၊ ဘာသာတရား၊ ပေါင်းသင်းဆက်ဆံရေး စသည့်ကိစ္စများအပြင် ယဉ်ကျေးမှုအနုပညာအပေါင်းတို့၏ အစပြုရာဖြစ်ကြောင်း၊ စာပေသည် လူမျိုး၏ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပြီး စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံများပင်ဖြစ်ကြောင်း၊ စာအုပ်စာပေသည် လူသားများအတွက် မိတ်ဆွေကောင်းဖြစ်ပြီး စာပေမြင့်လာသည်နှင့်အမျှ လူမျိုးလည်းတင့်တယ်ဝင့်ကြွားလာမည်ဖြစ်ကြောင်း၊ စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကိုထင်ဟပ်နေခြင်းဖြစ်သဖြင့် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာစာပေနှင့်ပတ်သက်သည့် အစဉ်အလာကောင်းများကို စာပေပညာရှင်များ၊ စာပေကိုတန်ဖိုးထားသည့်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် မျိုးဆက်သစ်များက ဆက်လက်ပြီး လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း မှာကြားလိုကြောင်း။

နိုင်ငံနှင့် ပြည်သူများ၏ကောင်းကျိုးအတွက် အားထုတ်ရေးဖွဲ့ထုတ်ဝေခဲ့ကြသည့် စာဆိုကြီးများ၏ စာကောင်းပေမွန်လက်ရာများကို နိုင်ငံတော်အဆင့် အမျိုးသားစာပေဆုအဖြစ်ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း

**စာမျက်နှာ ၁၅ သို့** ☆

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Diamond jubilee prize-presentation ceremony of National Literary Award for Lifetime Achievement, National Literature Awards and Sarpay Beikman Manuscript Awards for 2023 held;

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attend the ceremony and present awards



Senior General Min Aung Hlaing addresses the Diamond Jubilee prize-presentation ceremony of National Literary Award for Lifetime Achievement, National Literature Awards and Sarpay Beikman Manuscript Awards for 2023.

NAY PYI TAW December 1

National Literary Award for Lifetime Achievement, National Literature Awards and Sarpay Beikman Manuscript Awards for 2023 were presented at the ceremony held at MICC I in commemoration of the Diamond Jubilee National Literature Awards here this morning. Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attended the ceremony and presented awards.

Present together with the Senior General and wife were SAC Joint Secretary General Ye Win Oo and wife, SAC members and wives, union ministers and wives, union level officials and wives, senior military officers from the Office of the Commander-in-Chief and wives, the Nay Pyi Taw Command commander, deputy ministers, members of award selection committee, award winners, literati, artists, literature enthusiasts and officials.

The Senior General and wife formally opened the Diamond Jubilee commemorative exhibition by pushing a button.

The Senior General and wife and attendees looked around the exhibition, biographies and photos of the award winners, award-winning works, books and periodicals, exhibition showing the Myanmar literature development in Inwa period and literature exhibitions.

Then the ceremony began, and the Senior General and attendees enjoyed the song honouring the diamond jubilee ceremony staged by artists of MRTV and a video clip on enhancing the prestige of the nation and people through the power of literature.

In his address, the Senior

See Page - 19►►



Senior General Min Aung Hlaing presents medal to U Nyunt Tin, a National Lifetime Award winner for Literary Achievement.



Senior General Min Aung Hlaing presents medal to Dr Kyaw Win, a National Lifetime Award winner for Literary Achievement.

►► From Page - 18



Senior General Min Aung Hlaing views award-winning publications.

General said as a cultural tradition, the country has observed the Sarsodaw Day ceremony on the first waxing day of the Myanmar month, Nataw, since 1944 in honour of the literature works of the well-versed literary scholars and men and women of letters who had served the interest of the nation and people with the might of pen.

From Bagan period till now, Myanmar literature has the thousand years of history. Efforts for the development of literature world that is the main stem of the various branches of Myanmar culture and art during the periods from Bagan period, Pinya period, Inwa period, Taungoo period, Nyaungyan period, Konboung period, and colonial period to the present age deserve honour and respect.

Literature is the source of all branches of culture and arts, apart from ideas, habits, behaviors, customs, religion, relationships. Literature is the cultural pillar and various kinds of books are the mirror of the successive ages of mankind. Books are people's good friends, and the improvement in literary knowledge and the national pride has direct relations. As literature reflects the standard of civilization of a country, literary scholars, individual persons, organizations and new generations who value literature must protect, preserve and the hand down the fine traditions of Myanmars' honourable values of literature.

The practice of selecting the valuable works of literary scholars created for the benefit of the country and people for national level literature awards and holding of annual prize-presentation ceremony on Sarsodaw Day is the nation's priceless tradition. The tradition that began in 1948 has reached its diamond jubilee now.

Sarpay Beikman, established in August 1947 under the leadership of General Aung San, the architect of Myanmar's independence, aimed to promote international knowledge among ethnic communities through the publication of translated literature. In 1948, the institution presented the first-ever **"Sarpay Beikman Contemporary Novel Award"** for the Development of Myanmar Literature.

The **"Sarpay Beikman Award for Contemporary Novels"** has undergone several name changes over the years, including **"Sarpay Beikman Award" "Arts and Literature Award"** and **"National Literature Award."** Along with these changes, the scope of subjects and the prize amounts have been periodically expanded and enhanced. For the 2023 National Literature Award, prizes will be presented in 19 categories.

The **"Sarpay Beikman Manuscript Award"** is presented annually to recognize and promote outstanding manuscripts by authors whose works remain unpublished for various reasons. This year, awards will be given in 13 categories.

Furthermore, the **"National Literary Awards for Lifetime Achievement "** has been presented annually since 2001 to honor individuals who have made significant contributions to the development of Myanmar literature, as well as to the nation and its people, through their lifelong dedication and service.

For this year's National Literary Awards, winners were chosen for 15 out of the 19 specified categories from a total of 1,050 books first time published in 2023. Similarly, for the Sarpay Beikman Manuscript Award, 30 outstanding manuscripts were selected across 13 categories from a pool of 284 submissions. The awards will be presented at this ceremony.

The award selection committee has determined that the authors, books, and manuscripts honored with the National Literary Award and the Sarpay Beikman Manuscript Award encompass works by emerging writers, mid-career writers, and seasoned writers. These works reflect contemporary ideas and perspectives, promote goodwill and empathy, and incorporate modern technologies and sciences—both domestic and foreign—that contribute to national development and security. Additionally, the selected works include scientific content presented in a way that is accessible and easily understood by the public.

The National Literary Award for Lifetime Achievement was also presented as part of an effort to honor distinguished literary figures and expand the number of awards given each year. From 2001 to 2011, only one person was awarded each year. Later, the number of recipients increased to two or three per year. During our tenure, we honored up to four individuals annually. This year, we will honor up to six literary scholars. The Senior General said he took pride in activity of the State in deservedly honouring all doyen literati as National Lifetime Award winners for Literary Achievement.

The State Administration Council is striving for shaping a peaceful and prosperous future and good present of the State and the people. In so doing, the Senior General firmly believes that strength of literati will be reliable and beneficial for the State. The government fulfills the needs of scholars from literary and fine arts sectors so as to show off their fine arts qualification and creation. Now, **Sarso Beikman** building which will benefit literati and literary realm is being built in cooperation with the Indian government.

In the book publishing sector, the government provides necessary aid for literary arena to exchange literary culture with international community. Moreover, outstanding persons in the literary and fine arts realms are being offered with honorary titles.

Fake news, hate speech and unaccredited information with ethics are destroying peace, stability and development momentum of the country. These can disintegrate the national solidarity. These disturb the goal of peace all the people aspire to.

It is necessary to turn out well-versed human resources in undertaking overall development of the Union, forging durable peace and building the Union based on democracy and federalism as part of shaping a future democratic new nation.

See Page - 20►►





Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy performances at the Diamond Jubilee prize-presentation ceremony of National Literary Award for Lifetime Achievement, National Literature Awards and Sarpay Beikman Manuscript Awards for 2023.

►► From Page - 19
Hence, now is time to uplift capacity of youths who are strength of the future State. As such, they have to read good literature of doyen literati to accumulate knowledge.

As books which were not published and read many years ago are new for all readers, good literature must be republished for new generation youths. Hence, guidance has been given to the Ministry of Information to republish Public Science treatise volumes published by the Myanmar Translation Society and other proper books. Now, Myawady Literature House is also publishing proper books.

The State Administration Council is implementing the roadmap and objectives in order to build the Union aligned with the aspiration of the people. To be able to achieve success in these measures, it is necessary to turn out well-versed human resources and shape a knowledgeable society. In this regard, the knowledge and life guidance of books and literature can contribute a great deal to emergence of the prosperous society.

Honouring and pay respect to monk authors and literati who served interests of the country with the strength of literature and uplifted prestige of the State in Myanmar history are an honourable fine tradition of Myanmar. Doyen literati have to pass such fine tradition on new generations. Those new generations have to follow literary ethics and create fine literature for the readers to serve interests of the nationality, language and region and polish image of the State. The Senior General then urged all to participate in measures to develop the Myanmar literary realm.

The Senior General and his wife presented medals, cash awards and gifts to National Lifetime Award winners for Literary Achievement: literati Sayagyi Dr Min Tin Mon (Paragu Min Nanda), literati Sayagyi Dr Toe Hla, literati Sayagyi U Nyunt Swe (Maung Swe Thet), literati Sayagyi U Than Swe (Maung Than Swe-Dawei), literati Dr Kyaw Win (Retired Professor of History) and literati Sayagyi U Nyunt Tin (Maung Nyein Thu-Gyobingauk) respectively.

Union Minister for Information U Maung Maung Ohn presented gifts to mark the diamond jubilee celebration to the Senior General and his wife.

Council Joint Secretary General Ye Win Oo, Council members General Mya Tun Oo, Admiral Tin Aung San, General Maung Maung Aye, Lt-Gen Yar Pyae, General Nyo Saw, Union Ministers U Win Shein and U Maung Maung Ohn awarded winners in the national literature award and Sarpay Beikman Manuscript Contest respectively.

National Lifetime Award winner for Literary Achievement Sayagyi U Kyaw Win (Professor of History Department-Retired) spoke words of appreciation.

Artistes from Myanma Radio and Television under the Ministry of Information and artistes from the Fine Arts Department under the Ministry of Religious Affairs and Culture performed choral dance with the title of “literary goodwill and wishes” and a drama with the title of “light of literature”.

The Senior General, his wife and attendees posed for documentary photos with award winners.

After the ceremony, the Senior General and his wife and party had the lunch together with the award winners.

After the lunch, the Senior General and his wife cordially greeted the award winners, artistes and literary scholars.

**100**

# Farmers finish cultivation of more than 80,000 acres of green gram in Kanbalu Township

KANBALU December 1

Statistics of Kanbalu Township Agriculture Department in Sagaing Region stated that a total of 88,715 acres of green gram has been planted in the township.

In 2024-2025 monsoon season, local authorities earmarked cultivation of 83,944 acres of green gram in Kanbalu Township but local farmers have so far planted 88,715 acres of crops exceeding the target cultivation.

U Myo Zaw, Head of Kanbalu Township Agriculture Department revealed: “Local farmers exceeded the target cultivation of green gram in monsoon on 88,715 acres, more than 83,944 planned acres. Our department raised farmer awareness of growing green gram to expand sown acreage and initiatives for boosting per-acre yield by using quality strains of crops.”

This year, agricultural staff members of the township department helped local farmers use quality strains of crops, prevent pests and systematically use fertilizers.

Moreover, officials cooperate with local farmers for providing agricultural techniques and post-harvest technology in growing monsoon green gram this year.

**SK**

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

# Honorary dinner hosted for ceremony to present national literary awards for lifetime achievements, national literary awards, Sarpay Beikman manuscript awards for 2023 in commemoration of the 75th anniversary diamond jubilee national literary awards

NAY PYI TAW December 1

An honorary dinner was hosted this evening for the ceremony to present national literary awards for lifetime achievements, national literary awards, Sarpay Beikman manuscript awards for 2023 in commemoration of the 75th anniversary diamond jubilee national literary awards at the International Convention Centre I in Nay Pyi Taw and Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended the ceremony and the dinner.

Also present at the events together with the Senior General were wife Daw Kyu Kyu Hla, Joint Secretary General Ye Win Oo and wife and members of the SAC and their wives, union ministers, union level officials and their wives, senior military officers from the office of the Commander-in-Chief of Defence Services and their wives, the commander of Nay Pyi Taw Command, deputy ministers, members veteran writers of the award scrutinizing committe, award winner, academics, artists and officials.



Senior General Min Aung Hlaing attends the honorary dinner for the ceremony to present national literary awards for lifetime achievements, national literary awards, Sarpay Beikman manuscript awards for 2023 in commemoration of the 75th anniversary diamond jubilee national literary awards.



The honorary dinner being hosted.

[redacted]

First, the Senior General and wife were welcomed by attendees.

Then, the Senior General and wife enjoyed the dinner together with the guests.

Before and during the dinner, artists from the Fine Arts Department of the Ministry of Religious Affairs and Culture, the MRTV of Ministry of Information and the Myawady band of the Directorate of Public Relations and Psychological Warfare entertained the guests with music and dances.

After the dinner, the Senior General and wife presented a honorary flower basket for the artists.

**100**

# Myaung Township grows 2,162 acres of rain-fed seed corns

MYAUNG December 1

A total of 2,162 acres of seed corns have been planted in Myaung Township, Sagaing District, Sagaing Region during this year's rain crops planting season, according to the Department of Agriculture for Sagaing District.

During the 2024-2025 rain crops planting season, 2,160 acres of seed corn are earmarked for planting in Myaung Township, and since May this year, 2,162 acres have been planted.

"Farmers also grow pigeon peas as an addition crop. Now, the corn fields are developing successfully," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

This year in Myaung Township, the township Department of Agriculture provided training to the farmers who grow seed corns, and conducted field demonstrations.

In Myaung Township, more than 50 baskets of seed corns are produced per acre, and the cost of planting one acre is Ks-500,000.

**SMK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဆီးရီးယားတပ်မတော်က အကြမ်းဖက်များကိုတိုက်ထုတ်ပြီး နယ်မြေများကိုထိန်းချုပ်မှုရယူ

**ဒမတ်စကပ်၊ စစ်ရေး**

ဆီးရီးယားတပ်မတော်က အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်သွားသည့် နယ်မြေများကို ထိန်းချုပ်မှုပြန်လည်ရယူလိုက်ပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာလ ၁ ရက်တွင်ထုတ်ပြန်ထားသည်။

ထို့ပြင် ဆီးရီးယားတပ်ဖွဲ့များက နိုင်ငံမြောက်ပိုင်းရှိ ဟာမာမြို့၌ အခိုင်အမာခံစစ်ဆင်ကာ အကြမ်းဖက်သမားများ ဝင်ရောက်တိုက်ခိုက်မှုကို တွန်းလှန်လိုက်နိုင်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကိုကိုးကား၍ နိုင်ငံပိုင်သတင်းဌာနတစ်ခုက ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် ဆီးရီးယားလေတပ်ကလည်း အလက်ပိုမြို့နှင့် အိုင်ဒလစ်မြို့တို့အနီးရှိအကြမ်းဖက်သမားများ၏ အခိုင်အမာခြေကုပ်များကို လေကြောင်းမှတိုက်ခိုက်မှုများလုပ်ဆောင်ကြောင်း ထိုသတင်းဌာန၏ထုတ်ပြန်ချက်တွင်တွေ့ရသည်။

အလားတူ ပြီးခဲ့သည့်သုံးရက်အတွင်း ဆီးရီးယားတပ်မတော်၏ ချေမှုန်းမှုများကြောင့် အကြမ်းဖက်သမားထောင်ပေါင်းများစွာသေဆုံးသွားရသည်ဟု ကာကွယ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆီးရီးယားနိုင်ငံအခြေစိုက် ရုရှားလေတပ်ဆွယ်ကလည်း ဆီးရီးယားတပ်မတော်ဘက်မှနေ၍ အကြမ်းဖက်သမားများကို တိုက်ထုတ်မှုများ လုပ်ဆောင်ပေးလျက်ရှိသည်။ ဟာယတ်တာရီယာအယ်ရှမ်းစစ်သွေးကြွအဖွဲ့က ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိအလက်ပိုမြို့နှင့် အိုင်ဒလစ်မြို့တို့ကို နိုဝင်ဘာလ ၂၇ ရက်မှစ၍ တိုက်ခိုက်မှုများ လုပ်လာခြင်းဖြစ်သည်။ **Ref: Sputnik**



# ဆိုင်ကလုန်းဖန်ဂယ်တိုက်ခတ်မှုကြောင့် အိန္ဒိယနှင့် သီရိလင်္ကာတွင် လူ ၁၉ ဦးသေဆုံး

**နယူးဒေလီ၊ သဘာဝဘေး**

ဆိုင်ကလုန်းမုန်တိုင်း ဖန်ဂယ်တိုက်ခတ်မှုကြောင့် အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့၌ အနည်းဆုံးလူ ၁၉ ဦးသေဆုံးကြောင်းနှင့် တမီးနာဒူးပြည်နယ်နှင့် ပူဒူချယ်ရီဒေသတို့တွင် ရေကြီးမှုများဖြစ်ပွားကြောင်း တာဝန်ရှိသူများက ဒီဇင်ဘာလ ၁ ရက်တွင် ထုတ်ပြန်ထားသည်။

မုန်တိုင်းသည် နိုဝင်ဘာလ ၃၀ ရက်တွင် ဘင်္ဂလားပင်လယ်အော်မှနေ၍ အိန္ဒိယတောင်ပိုင်းကမ်းရိုးတန်းသို့ ဖြတ်ကျော်တိုက်ခတ်သွားခြင်းဖြစ်သည်။ ထို့နောက် ပူဒူချယ်ရီဒေသတွင် နှစ်ပေါင်း ၃၀ ကာလအတွင်း အကြီးမားဆုံးမိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပွားသည်ဟု မိုးလေဝသဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုမုန်တိုင်းကြောင့် အိန္ဒိယနိုင်ငံ၌ လူသုံးဦးသာသေဆုံးသော်လည်းသီရိလင်္ကာနိုင်ငံတွင်မူ လူ ၁၆ ဦးအထိသေဆုံးထားသည်။ ထို့ပြင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သီရိလင်္ကာရှိအိမ်ထောင်စုပေါင်း ၁၄၀၀၀၀ နီးပါးမှာ ရေဘေးဒုက္ခများကို ရင်ဆိုင်ခံစားရကြောင်း သဘာဝဘေးစီမံခန့်ခွဲရေးဌာနက ထုတ်ပြန်ထားသည်။

**Ref: RTA**



# အမေရိကန်က ဂျော်ဂျီယာနှင့် မဟာဗျူဟာမြောက်ဆက်ဆံရေးကိုဆိုင်းငံ့

**ဝါရှင်တန်ဒီစီ၊ နိုင်ငံရေး**

ဂျော်ဂျီယာနိုင်ငံက ဥရောပသမဂ္ဂသို့ ဝင်ရောက်ရေးအတွက်ဆွေးနွေးမှုများကို ၂၀၂၈ ခုနှစ်အထိဆိုင်းငံ့ကြောင်း အာဏာရပါတီကဆုံးဖြတ်လိုက်ပြီးနောက် အမေရိကန်က ထိုနိုင်ငံနှင့်မဟာဗျူဟာမြောက်ဆက်ဆံရေးကိုဆိုင်းငံ့လိုက်ကြောင်းသိရသည်။

ဂျော်ဂျီယာနိုင်ငံမှ အာဏာရပါတီဖြစ်သည့် ဂျော်ဂျီယာအိပ်မက်ပါတီ၏ဆုံးဖြတ်ချက်သည် နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေကိုသစ္စာဖောက်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် အစိုးရ၏ဆုံးဖြတ်ချက်အပေါ် လွတ်လပ်စွာဆန္ဒပြသူများကို အင်အားအလွန်အကျွံသုံးပြီးဖြိုခွင်းခြင်းအတွက်လည်း အပြစ်တင်ရှုတ်ချကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မက်သယူးမေလာကပြောသည်။

ဥရောပသမဂ္ဂသည် ဂျော်ဂျီယာနိုင်ငံကအဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ရေးအတွက် ဆွေးနွေးမှုများကိုခြိမ်းခြောက်ပြီး အကျပ်ကိုင်သည့်သဘောဖြင့် ပြုမူလျက်ရှိသည့်အတွက် ထိုဆွေးနွေးမှုကိုဆိုင်းငံ့ရခြင်းဖြစ်သည်ဟုသိရသည်။ **Ref: RT**

## သတင်းတိုကဏ္ဍ

# ထိုင်းနှင့်မလေးရှားတို့က ဆယ်စုနှစ်များအတွင်း အဆိုးဆုံးသောရေကြီးမှုများနှင့်ရင်ဆိုင်နေရ

ထိုင်းနိုင်ငံတောင်ပိုင်းနှင့် မလေးရှားနိုင်ငံတို့က ဆယ်စုနှစ်များအတွင်း အဆိုးဆုံးသောရေကြီးမှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ထိုင်းနိုင်ငံတောင်ပိုင်း၌ ဆိုးဝါးသောရေကြီးမှုများကြောင့် အနည်းဆုံးလူ ၁၂ ဦးသေဆုံးကာ အိမ်ခြေ ၆၄၀၀၀၀ ကျော် ရေဘေးဒုက္ခနှင့် ရင်ဆိုင်ရသည်ဟု သဘာဝဘေးကာကွယ်ရေးနှင့်လျော့ပါးရေးဌာနက ဒီဇင်ဘာလ ၁ ရက်တွင်ထုတ်ပြန်ထားသည်။

အလားတူ ထိုင်းနိုင်ငံ၏အိမ်နီးချင်းဖြစ်သော မလေးရှားနိုင်ငံတွင်လည်းရေကြီးမှုများဖြစ်ပွားလျက်ရှိရာ ဒီဇင်ဘာလ ၁ ရက်အထိ ပြည်နယ် ၁၀ ခု၌ ပြည်သူစုစုပေါင်း ၁၅၀၀၀၀ ကျော် ရေဘေးဒုက္ခနှင့်ရင်ဆိုင်ရကာ သေဆုံးသူဦးရေ ခုနစ်ဦးအထိ ရှိလာပြီဖြစ်သည်။

ထို့ပြင် တောင်တရုတ်ပင်လယ်နှင့် မလက္ကာရေလက်ကြားတို့၌ ဒီရေတက်မှုသည် အမြင့်ဆုံးသောအချိန်ရောက်နေသည့်အတွက် ရေကြီးမှုကြောင့်ပျက်စီးဆုံးရှုံးမှုပိုမိုများပြားနိုင်သည်ဟု မလေးရှားအစိုးရကပြောသည်။ **Ref: Bloomberg**

# ဘန်ကောက်မြို့က တနင်္လာနေ့မှသောကြာနေ့အထိ မီးခိုးငွေ့ထုထပ်မှုနှင့်ရင်ဆိုင်ရမည်

ထိုင်းနိုင်ငံ၏ မြို့တော်ဖြစ်သော ဘန်ကောက်မြို့သည် တနင်္လာနေ့မှ သောကြာနေ့အထိ မီးခိုးငွေ့ထုထပ်မှုနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ညစ်ညမ်းမှုထိန်းချုပ်ရေးဌာနက ဒီဇင်ဘာလ ၁ ရက်တွင်ထုတ်ပြန်ထားသည်။

မြို့တော်အတွင်းနှင့် အနီးဝန်းကျင်ရှိ ပြည်နယ်များက လယ်ယာမြေများကို မီးရှို့ခြင်းနှင့် လေထုငြိမ်သက်ခြင်းတို့ဖြစ်ပွားသည့်အတွက် မီးခိုးငွေ့ထုထပ်သည့် ပြဿနာနှင့် ရင်ဆိုင်ရခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

နိုဝင်ဘာလ ၃၀ ရက်တွင် မီးခိုးထွက်ရှိသည့်နေရာစုစုပေါင်း ၁၁၈၄ နေရာရှိပြီး ၎င်းတို့အနက် ၁၄၀ ခန့်မှာ လယ်ယာမြေများကိုမီးရှို့သည့်နေရာများဖြစ်သည်ကို တွေ့ရကြောင်း တာဝန်ရှိသူများကပြောသည်။ ဒီဇင်ဘာလ ၇ ရက်တွင်မူ လေထုလှုပ်ရှားမှုရှိလာမည်ဖြစ်သည့်အတွက် မီးခိုးငွေ့များလျော့ပါးသွားမည်ဖြစ်ကြောင်း သိရသည်။ **Ref: BP**

# ထိုင်ဝမ်ကျွန်းသို့ အမေရိကန်က လက်နက်ရောင်းချမှု တရုတ်-အမေရိကန်ဆက်ဆံရေးကို ယိုယွင်းစေ

အမေရိကန်အစိုးရက ထိုင်ဝမ်ကျွန်းသို့ စစ်လက်နက်ပစ္စည်းများရောင်းချမှုသည် တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေးကို ယိုယွင်းစေကြောင်းနှင့် ငြိမ်းချမ်းရေးကိုခြိမ်းခြောက်ရာရောက်စေမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဒီဇင်ဘာလ ၁ ရက်တွင် ထုတ်ပြန်ထားသည်။

ထို့ပြင် အမေရိကန်အစိုးရ၏လုပ်ရပ်သည် တရုတ်တစ်နိုင်ငံတည်းဟူသောမူဝါဒကိုသာမက နှစ်နိုင်ငံကြားပူးတွဲသဘောတူညီချက်သုံးရပ်ကိုပါ ဆိုးဆိုးဝါးဝါး ချိုးဖောက်ရာရောက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အလားတူ ထိုင်ဝမ်ကျွန်းခေါင်းဆောင် လိုင်ချင်းတယ်၏ ပြည်ပခရီးစဉ်အတွင်း အမေရိကန်နိုင်ငံကို တစ်ထောက်နားရပ်အဖြစ်အသုံးပြုခွင့်ပေးမှုကိုလည်း တရုတ်အစိုးရက ကန့်ကွက်ထားသည်။ အမေရိကန်က ထိုင်ဝမ်ကျွန်းသို့ ဒေါ်လာ ၃၈၅ သန်းတန်ဖိုးရှိသည့် စစ်လက်နက်ပစ္စည်းများဝယ်ယူခွင့်ပြုထားကြောင်းသိရသည်။

**Ref: Sputnik**

# အစ္စရေးက ဆီးရီးယားရှိ လက်နက်မှောင်ခိုကူးသည့်နေရာကို တိုက်ခိုက်ဟုဆို

အစ္စရေးစစ်ဘက်သည် ဆီးရီးယားနိုင်ငံအတွင်းရှိ ဟစ်ဇဘိုလာအဖွဲ့နှင့် ဆက်စပ်နေသော လက်နက်မှောင်ခိုကူးသည့်နေရာကို တိုက်ခိုက်မှုလုပ်ဆောင်ကြောင်း နိုဝင်ဘာလ ၃၀ ရက်တွင် ထုတ်ပြန်ထားသည်။

ယခုတိုက်ခိုက်မှုလုပ်သည့်နေရာသည် ဆီးရီးယားနိုင်ငံမှနေ၍ လက်ဘနွန်နိုင်ငံအတွင်းရှိ ဟစ်ဇဘိုလာအဖွဲ့သို့လက်နက်များပေးပို့နေသောနေရာတစ်ခုဖြစ်သည်ဟု အစ္စရေးစစ်ဘက်၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်နှင့် ပြင်သစ်နိုင်ငံတို့ကြားဝင်ဖျန်ဖြေပေးမှုဖြင့် အစ္စရေးနှင့် ဟစ်ဇဘိုလာတို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိပြီးနောက် အစ္စရေးက ယခုကဲ့သို့တိုက်ခိုက်မှုလုပ်ဆောင်ခြင်းဖြစ်သည်။

ဟစ်ဇဘိုလာအဖွဲ့သည် အစ္စရေးစစ်သည်များနှင့်အရပ်သားများကို နယ်စပ်ဖြတ်ကျော် တိုက်ခိုက်နိုင်ရေးအတွက် စစ်လက်နက်များကို အရပ်ဘက်သုံးနယ်စပ်မှတစ်ဆင့်ပေးပို့ခြင်းဖြစ်သည်ဟု အစ္စရေးစစ်ဘက်ကပြောသည်။ **Ref: RT**

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

"ဩော် ဟုတ်ကဲ့ပါ ဗိုလ်ကြီး၊ ကျွန်တော်က ဒီ အ.မ.က သရက်တောင (မြောက်)ရဲ့ ကျောင်းအုပ်ပါပဲ၊ သူက ကျောင်းအထွေထွေလုပ်သားပဲခင်ဗျ"

ကျွန်တော့်မှာ မောပန်းလွန်းသဖြင့် အသက်ပြင်းပြင်းရှူပြီး ဗိုလ်ကြီးကို ပြောပြလိုက်သည်။

"ဩော် ဟုတ်လား"

"ခု ခင်ဗျားတို့ ဒီ ပျဉ်းကတိုးပင်ကြီးကို ဘာလို့ခုတ်နေကြတာလဲ"

"ဒီလိုပါဗျာ၊ ဒီအပင်ကြီးက ကလေးတွေအတွက် လမ်းသွားလမ်းလာမှာ ဖြစ်နေတာရယ်၊ နောက်ပြီး ကျောင်းရှေ့က လမ်းဟာ ရွာအဝင်လမ်းဖြစ်နေတာရယ် အဲဒါဗျာ ဟိုးရှေ့က လေပြိုင်ဆိပ်က ကမ်းကိုတက်ရင် ဒီလမ်းကိုလာတာမှာ ချိုင့်ကြီးဖြစ်နေတယ်။ အဲဒီချိုင့်ကြီးကို ကျွန်တော်တို့ကျောင်းကပဲ တာဝန်ယူပြီး ဆရာ၊ ဆရာမတွေ ကျောင်းသား၊ ကျောင်းသူတွေနဲ့ မြေဖို့ပေးဖို့ စီစဉ်ကြတာလေ။ ရွာက အုပ်ချုပ်ရေးမှူးကိုလည်း ဆွေးနွေးတင်ပြထားပြီးပြီဗျာ"

"ဒီအပင်ကြီးကို ခုတ်နေတာကရော"

"ဒါကဒီလိုရှိပါတယ်ဗိုလ်ကြီး၊ ကျွန်တော် ခုနကပြောတဲ့လမ်းကို မြေဖို့ရာမှာ လမ်းဘေးနှစ်ဖက်က ဘောင်လိုတယ်ဗျ၊ ဘောင်မရှိရင် မြေထည့်လို့အဆင်မပြေဘူး၊ အကုန်လုံးလျှောကျကုန်လိမ့်မယ်၊ လမ်းကြောင်းဖော်ဖို့ အဆင်မပြေနိုင်ဘူးလေ"

"ဟုတ်ပြီ ဟုတ်ပြီ၊ အဲဒီလိုဆို ဆရာကြီးတို့မှာ အဲဒီလမ်းတစ်လျှောက် ဒီသစ်ပင်တစ်ပင်နဲ့ အဆင်ပြေပါ့မလား"

"ပြေပါတယ်ဗိုလ်ကြီး၊ ကျွန်တော်တို့မှာ ဟိုက၊ ဒီက သစ်တုံးတွေ၊ ကျောက်တုံးတွေရှာထားကြပြီးပြီ၊ ဗိုလ်ကြီးလာတဲ့လမ်းချိုးစပ်လေးမှာ တွေ့ခဲ့မှာပဲ"

"ဟုတ်တယ် တွေ့ခဲ့တယ်"

ဗိုလ်ကြီးကို ကျွန်တော်အမောကြားက ပြုံးပြလိုက်ရာ ဗိုလ်ကြီးကလည်း ပြန်လည်ပြုံးပြရာ နှစ်ဦးပြိုင်တူ ပြုံးဖြစ်လိုက်ကြသည်။

"ကျွန်တော်က ဗိုလ်ဖော်ညွန့်ပဲဗျ၊ တောင်ကုတ်မြို့တပ်ရင်းကပဲ ဒီဘက်ကို စစ်ဆင်ရေးအတွက် ထွက်လာကြတာ"

"ဟုတ်ကဲ့ ကျေးဇူးပါဗိုလ်ကြီး။ ကျွန်တော့်နာမည် ဦးဘညွန့်ပါ ဒီရွာဇာတိပဲ"

"ဆရာကြီးတို့ ခုလို ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ကျောင်းတိုးတက်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်နေကြတာတွေ့လို့ ဝမ်းသာတယ်ဗျာ၊ ဆရာကြီးတို့ ဘာအကူအညီလိုလဲပြောပါ"

ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး ရင်တွင်းဆန္ဒတစ်ခု သုတ်ခနဲ ထွက်တော့သည်။

"ဒီလိုပါ ဗိုလ်ကြီး"

"ပြောပါ ဆရာကြီး"

"ဒီလိုပါ ခု ဗိုလ်ကြီးနောက်ကျောက မြင်နေရတဲ့မြက်တောကွင်းပြင်လေးဟာ လယ်ကွင်းလိုလို မြင်နေရပေမယ့် ဘယ်သူမှလည်း လယ်ထွန်စပါးစိုက်တာမတွေ့ဘူး၊ စွန့်ပစ်ထားတဲ့ကွင်းပဲ"

"အဲဒီကွင်းကို သူတို့ ဒီလိုစွန့်ပစ်ထားမယ့်အစား ကျောင်းကစားကွင်းလေး လုပ်ချင်တယ်ဗျာ"

"အဲဒီလိုဆို ဆရာကြီး ပိုင်ရှင်နဲ့ညှိလိုက်လေ၊ ရမှာပေါ့"

"ကျွန်တော် ညှိပြီးပြီဗိုလ်ကြီး၊ မရဘူး၊ ကျွန်တော့်ကို မာန်တောင်မာန်လိုက်သေးတယ်။ ကျွန်တော်ကတော့ဗျာ သူတို့ခွင့်ပြုမယ်ဆိုရင် ရွာနဲ့ညှိပြီး သူ့မြေကွက်ကို တန်ရာတန်ကြေးပေးပြီး မြို့နယ်မြေစာရင်းကိုသွားပြီး လ/န ၃၉ ဖောက်မယ်ဗျာ။ ပြီးရင် ကစားကွင်းလေးဖြစ်အောင် ဖန်တီးမယ်ပေါ့ဗျာ"

> **"ဒီလိုပါ ခု ဗိုလ်ကြီးနောက်ကျောက မြင်နေရတဲ့ မြက်တောကွင်းပြင်လေးဟာ လယ်ကွင်းလိုလို မြင်နေရပေမယ့် ဘယ်သူမှလည်း လယ်ထွန်စပါးစိုက်တာမတွေ့ဘူး၊ စွန့်ပစ်ထားတဲ့ကွင်းပဲ"**
>
> **"အဲဒီကွင်းကို သူတို့ ဒီလိုစွန့်ပစ်ထားမယ့်အစား ကျောင်းကစားကွင်းလေး လုပ်ချင်တယ်ဗျာ"**
>
> **"အဲဒီလိုဆို ဆရာကြီး ပိုင်ရှင်နဲ့ညှိလိုက်လေ၊ ရမှာပေါ့"**
>
> **"ကျွန်တော် ညှိပြီးပြီဗိုလ်ကြီး၊ မရဘူး၊ ကျွန်တော့်ကို မာန်တောင်မာန်လိုက်သေးတယ်။ ကျွန်တော်ကတော့ဗျာ သူတို့ခွင့်ပြုမယ်ဆိုရင် ရွာနဲ့ညှိပြီး သူ့မြေကွက်ကို တန်ရာတန်ကြေးပေးပြီး မြို့နယ်မြေစာရင်းကိုသွားပြီး လ/န ၃၉ ဖောက်မယ်ဗျာ။ ပြီးရင် ကစားကွင်းလေးဖြစ်အောင် ဖန်တီးမယ်ပေါ့ဗျာ"...**

"ဟုတ်ပြီ ဆရာကြီး ဟုတ်ပြီ၊ ကျွန်တော် အဲဒီလောက်သိရင်ပြီးပြီ၊ ကျွန်တော့်ကို ခွင့်ပြုပါဦးဗျာ"

ဗိုလ်ကြီးသည် ကျွန်တော့်ကိုနှုတ်ဆက်ပြီး ထွက်သွားခဲ့လေသည်။

●●●●●●●

ကျောင်းပိတ်ရက်နေ့တစ်နေ့ပါပဲ။ ကျွန်တော်သည် အိမ်မှထွက်လာပြီး စာသင်ကျောင်းနဲ့ သိပ်မဝေးတဲ့ ဦးချစ်စိန်အိမ်သို့လှမ်းဝင်လိုက်သည်။

"ကိုချစ်စိန်ရေ ကိုချစ်စိန်"

"ဩော် ဆရာကြီးပါလား၊ လာ လာ လာ ဘာကိစ္စပါလဲ၊ လာပါ ဝင်ထိုင်ပါဦး"

ကျွန်တော် သူနဲ့အတူ အိမ်ရှေ့ခန်းလေးမှာ ဝင်ထိုင်လိုက်သည်။

"ဒီလိုပဲဗျ၊ ခုကျွန်တော်တို့ကျောင်းရှေ့က ရွာအဝင်လမ်းဟာ ချောင်းစပ်က အတက်မှာ ချိုင့်ကြီးဖြစ်နေတယ်ဗျာ၊ တော်တော်ရှည်တယ်။ အဲဒါ ကျွန်တော်က ကိုယ့်ကျောင်းက ဆရာ၊ ဆရာမတွေ ကျောင်းသားအတန်းကြီး ၃-တန်း၊ ၄-တန်းတွေပေါ့ဗျာ သူတို့နဲ့ မြေဖို့မယ်"

ကျွန်တော်တစ်ချက်နားပြီး ဦးချစ်စိန်ကို ကြည့်လိုက်သည်။ သူ အာရုံစူးစိုက်နားထောင်နေသည်။

"အဲဒါဗျာ၊ မြေဖို့တဲ့အခါ လမ်းဘေးက ဘောင်အတားလိုတယ်လေ"

"ဟုတ်ကဲ့ ပြောပါ ဆရာကြီး"

"ကျွန်တော်ကတော့ ဟိုတစ်နေ့ကပဲ ကျောင်းရှေ့က ပျဉ်းကတိုးပင်ကို ခုတ်လှဲပြီး ကိုင်းတွေလည်း ခုတ်သင်ပြီးသွားပြီ"

"ခု ဒီမနက်မှာပဲ မြေဖို့ဖို့အတွက် ကလေးတွေ၊ ဆရာ၊ ဆရာမတွေနဲ့ အနီးအနားက လူတွေတချို့လည်း ခေါ်ထားပြီးပြီ"

"အဲဒီ သစ်တုံးကြီးကို ချောင်းစပ်အထိ ရောက်အောင်ဆွဲရမယ်ဗျ။ အဲဒါ ဒီက ကိုချစ်စိန်ဆီ သမွန်ကျောက်ဆူးကြိုးကို ခဏငှားချင်လို့ပဲဗျ"

"ဟာ ဆရာကြီးကလည်း ရတယ်လေ ဘာဖြစ်လဲ ကဲ ကဲ ကျွန်တော်ပါ လိုက်မယ် ဝင်ကူလုပ်ရတာပေါ့ဗျာ"

ဦးချစ်စိန်မှာ ထင်း၊ ဓနိပို့နေသော လှေသမ္ဗန်ကြီးရှိသည်။ သူမှာ ရပ်ကျိုးရွာကျိုးကိုလည်း ဆောင်ရွက်တတ်သူဖြစ်၏။ ကျွန်တော်ပြောပြလိုက်တော့ အရမ်းသဘောပေါက်သွားသည်။ ချက်ချင်းပဲ ကြိုးခွေကြီးကို ပခုံးကွင်းစွပ်ပြီး ထွက်လာခဲ့လေပြီ။

ကျောင်းအနီးသို့ရောက်တော့လည်း သူပဲဦးဆောင်ဦးပြုပြီး သစ်တုံးကြီးကို ကြိုးချည်သည်၊ ဆွဲဆန့်သည်။

"ကဲ ကဲ လာကြဟေ့ လာကြ"

ကျွန်တော် လှမ်းခေါ်လိုက်တော့ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရပ်ကွက်သားတချို့ ကြိုးတန်းကိုတန်းစီကိုင်ပြီး ဆွဲကြလေပြီ။

"ဟေးလား လာလေရဲ့"

ကျွန်တော်က အားဖြည့်သံပေးပြီး လုပ်အားခေါ်လိုက်သည်။

ဆက်လက်ဖော်ပြပါမည်။

## ဘားအံမြို့၌ စာဆိုတော်နေ့အထိမ်းအမှတ်စာပေဟောပြောပွဲနှင့် ဇာတ်တော်ကြီး သရုပ်ဖော်တင်ဆက်ပွဲ အခမ်းအနားကျင်းပ


**ဘားအံ ဒီဇင်ဘာ ၁**

ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူး၍ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဇာတ်တော်ကြီး သရုပ်ဖော်တင်ဆက်ပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၁ ရက်တွင် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

ရှေ့ဦးစွာ အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ၁၃၈၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့မှစပြီး စာဆိုတော်နေ့အထိမ်းအမှတ်ပွဲ ကျင်းပခဲ့သည့်အပြင် နတ်တော်လတစ်လအတွင်း စာပေဟောပြောပွဲများ၊ စာဆိုတော်ကြီးများကို ဂုဏ်ပြုသည့် ပဒေသာကပွဲများ၊ ပြဇာတ်များ ကပြတင်ဆက်ခဲ့ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာကောင်းပေမွန်များ ဖတ်ရှုလေ့လာခြင်းဖြင့် အမှားအမှန်ခွဲခြားသိမြင်ပြီး မှန်ကန်သည့် အတွေးအခေါ်အယူအဆများနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဇာတ်တော်ကြီး သရုပ်ဖော်တင်ဆက်ခြင်း အကပညာရှင် အနုပညာရှင်များအား ထောက်ပံ့ငွေချီးမြှင့်ပေးအပ်ခဲ့ရာ ပြည်နယ်ပညာရေးမှူးက လက်ခံရယူသည်။

ယင်းနောက် နေပြည်တော်၌ ကျင်းပခဲ့သည့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိသည့် အကပညာရှင်များနှင့် အနုပညာရှင်များက ကုဏ္ဍလကေသီ သူဌေးသမီးဇာတ်လမ်းကို မြန်မာ့ရိုးရာဇာတ်သဘင်အနုပညာ အဆို၊ အငို၊ အပြော၊ အက၊ အလှတို့ဖြင့် သရုပ်ဖော် ဖျော်ဖြေတင်ဆက်ကပြကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က စာပေဟောပြောပေးသူနှင့် အတီးပညာရှင်၊ ဖျော်ဖြေတင်ဆက်ပေးသော အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။




အခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ချမ်းမြေ့

## ဖျာပုံမြစ်ဝ အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာတွင် သောင်တင်၍ရေဝင်နစ်မြုပ်နေသော ငါးဖမ်းလှေတစ်စင်းအား တပ်မတော်(ရေ)ကွပ်ကဲမှုအောက် စစ်ဆင်ရေးရေပြင်ဧရိယာအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် အမြန်သွားကင်းလှည့်ရေယာဉ်မှ ကူညီကယ်ဆယ်

နေပြည်တော် ဒီဇင်ဘာ ၁

တပ်မတော်(ရေ) ကွပ်ကဲမှုအောက် စစ်ဆင်ရေးရေပြင်ဧရိယာအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော အမြန်သွားကင်းလှည့်ရေယာဉ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာလ ၂၉ ရက် ည ၈ နာရီ ၁၅ မိနစ်ခန့်၌ ဖျာပုံမြစ်ဝ အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာတွင် ငါးဖမ်းလှေတစ်စင်း သောင်တင်၍ ရေဝင်နစ်မြုပ်နေကြောင်း သတင်းရရှိသဖြင့်သွားရောက်ခဲ့ရာ ဖျာပုံမြို့မှရန်ကုန်သို့ထွက်ခွာလာသော **မြမျိုးလွင်(၉)** အမည်ရှိ လှေသား ၁၉ ဦးပါ တရွတ်ဆွဲငါးဖမ်းလှေသည် ရုတ်တရက် လှိုင်းလေပြင်းထန်ကာ သောင်တင်မှုဖြစ်ခဲ့ခြင်းကြောင့် ရေယာဉ်ဝမ်းဗိုက်အတွင်း ရေဝင်မှုများဖြစ်ပေါ်ကာ လှေတစ်ဝက်မှာ နစ်မြုပ်နေသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရရှိသည့်လှေသားများအား စစ်ရေယာဉ်ပေါ်သို့တင်ဆောင်၍ လိုအပ်သောကျန်းမာရေးစစ်ဆေးကုသခြင်း၊ အဝတ်အထည်နှင့် အစားအသောက်များထောက်ပံ့ပေးအပ်ခြင်းများဆောင်ရွက်ခဲ့သည်။



တာဝန်ရှိသူများက လှေသားတစ်ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အဆိုပါကယ်ဆယ်ရေးဆောင်ရွက်ထားသည့် ငါးဖမ်းလှေမှ လှေသားများအား နိုဝင်ဘာလ ၃၀ ရက် ည ၈ နာရီ ၁၀ မိနစ်ခန့်တွင် လှေပိုင်ရှင်ဖြစ်သူထံသို့ စနစ်တကျလွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## အတွေးသစ် အမြင်သစ် စိတ်ကူးသစ်များဖြင့် တီထွင်ဆန်းသစ်ထားသော Project Showcase 2024 ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ ဦးဆောင်ပြီး ASEAN Digital Awards 2025 နှင့် APICTA (Asia–Pacific ICT Alliance) Awards 2024 ပြိုင်ပွဲများတွင် နိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ရွေးချယ်ရရှိသည့် Project များကိုစုစည်း၍ တစ်နေရာတည်းတွင် လေ့လာနိုင်ရန်အတွက် "Project Showcase 2024"ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Myanmar ICT Park အဆောင်(၁၄)ရှိ Kanaung Hub Incubation Center တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင် တက်ရောက်ပြီး ပြသထားသည့် Project များအား လိုက်လံကြည့်ရှုအားပေးရာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့သည်။

"ဒီကနေ့ပြပွဲမှာပြသထားတဲ့ Project တွေက နိုင်ငံတကာအဆင့်မီပါတယ်။ နိုင်ငံတကာသွားပြနိုင်တဲ့အတွက် ဆုရရှိမှုသာမက နိုင်ငံခြားက ရင်းနှီးမြှုပ်နှံတဲ့လုပ်ငန်းရှင်တွေနဲ့ ပေါင်းစပ်နိုင်တဲ့အခွင့်အရေးတွေပါရရှိမှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာဝါသနာရှင်များအသင်းဥက္ကဋ္ဌ ဦးဌေးလင်းကပြောသည်။

"Project Showcase 2024" တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ IT နည်းပညာနှင့်သက်ဆိုင်သည့်Project ၁၀ ခုကို ပြသထားသည်။ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်အနေဖြင့် "International Competitions Task Force" ကို ဖွဲ့စည်းပြီး Innovative ICT Project များကို ဖိတ်ခေါ်၍ နိုင်ငံတကာ ICT Project ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ပါဝင်ပြသလိုသည့်လူငယ်များအနေဖြင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။

လင်းခန့်

## တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများအယောင်ဆောင်ကာ နေအိမ်များအတွင်း ဝင်ရောက်၍ ဖုန်းနှင့်ငွေကြေးများခြောက်လှန့်တောင်းယူခဲ့သူ အမျိုးသား ၈ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအယောင်ဆောင်ကာ နေအိမ်များအတွင်း ဝင်ရောက်၍ လုံခြုံရေးအရ ဧည့်စာရင်းစစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းပြကာ ဖုန်းနှင့်ငွေကြေးများ ခြောက်လှန့်တောင်းယူမှုများဖြစ်ပွားနေကြောင်း ဒုစရိုက်မှုကိုမလိုလားသူ တာဝန်သိပြည်သူများ၏ သတင်းပေးပို့တိုင်တန်းချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် တာချီလိတ်မြို့ပေါ်ရပ်ကွက်များရှိ နေအိမ်အချို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအယောင်ဆောင်၍ ဖုန်းနှင့် ငွေကြေးများ ခြောက်လှန့်တောင်းယူခဲ့ကြသူများဖြစ်ကြသည့် တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်နေ ဇော်ဖြိုးလွင်(ခ) တာလေ(၂၈)နှစ်နှင့် သီဟ (၄၄)နှစ်၊ မကာဟိုခမ်းရပ်ကွက်နေ မိုးနှင်းလျှံ(ခ)ဘဦး (၃၀) နှစ်နှင့် မျိုးဦး(ခ)ဝေယံ (၃၁)နှစ်၊ ရန်အောင်မြေရပ်ကွက်နေ သိန်းထိုက်အောင်(ခ)အရှည်ကြီး (၂၇)နှစ်နှင့် ဝင်းသက်အောင်(ခ)ဝင်းမင်းသန့် (၃၄)နှစ်၊ မယ်ခေါင်ရပ်ကွက်နေ ခင်မောင်ထိုက်(ခ)ကုလား (၂၅)နှစ်၊ ဝမ်ကောင်းရပ်ကွက်နေ မျိုးမင်းထက် (၂၈)နှစ်တို့ ၈ ဦးအား ၎င်းတို့၏နေအိမ်အသီးသီး၌ ခြောက်လှန့်တောင်းယူမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် Alphard အမျိုးအစား အဖြူရောင်မော်တော်ယာဉ် ၁ စီး၊ M16 ပုံစံတူ (Air Gun) ၁ လက်၊



ဖမ်းဆီးရမိ(ဝဲမှယာ)တရားခံ ခင်မောင်ထိုက်(ခ)ကုလား၊ သီဟ၊ ဇော်ဖြိုးလွင်(ခ)တာလေ၊ သိန်းထိုက်အောင်(ခ)အရှည်ကြီး၊ ဝင်းသက်အောင်(ခ)ဝင်းမင်းသန့်၊ မျိုးဦး(ခ)ဝေယံ၊ မျိုးမင်းထက်၊ မိုးနှင်းလျှံ(ခ)ဘဦးတို့အား သက်သေခံပစ္စည်းများနှင့် အတူတွေ့ရစဉ်။

ပစ္စတိုသေနတ်အတု (Air Gun) ၁ လက်၊ ပြောက်ကျားဦးထုပ် ၁ လုံး၊ ပြောက်ကျားယူနီဖောင်း၂စုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်၊

ဖမ်းဆီးရမိတရားခံ ဇော်ဖြိုးလွင်(ခ) တာလေပါ ၈ ဦးတို့အား စစ်ဆေးပေါ်ပေါက်ချက်များအရ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်အတွင်းရှိ အငှားနေအိမ်လိုင်းခန်းတစ်ခုမှ တရားခံ ဇော်ဖြိုးလွင်(ခ)တာလေ၊ သိန်းထိုက်အောင်(ခ)အရှည်ကြီး၊ သီဟနှင့် ဖမ်းဆီးရန်ကျန်တရားခံ မဲကြီးတို့ ၄ ဦးက ဖုန်းမျိုးစုံ ၂ လုံးနှင့် ထိုင်းဘတ်ငွေ ၂၀၀၀၀ ခန့်အားလည်းကောင်း၊ အောက်တိုဘာလအတွင်း တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ တရားခံ ဇော်ဖြိုးလွင်(ခ)တာလေ၊ သိန်းထိုက်အောင်(ခ)အရှည်ကြီး၊ မိုးနှင်းလျှံ(ခ)ဘဦး၊ မျိုးမင်းထက်၊ မျိုးဦး(ခ)ဝေယံနှင့် ဖမ်းဆီးရန်ကျန်တရားခံ မဲကြီးတို့ ၆ ဦးက ဖုန်းမျိုးစုံ ၆ လုံးနှင့် ထိုင်းဘတ်ငွေ ၂၀၀၀၀ ခန့်အားလည်းကောင်း၊ တာချီလိတ်မြို့၊ ဆေးခမ်းရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ ဖုန်းမျိုးစုံ ၇ လုံးနှင့် ထိုင်းဘတ်ငွေ ၁၄၀၀၀ ခန့်အားလည်းကောင်း၊ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ တရားခံ ဇော်ဖြိုးလွင်(ခ)တာလေ၊ မိုးနှင်းလျှံ(ခ)ဘဦး၊ ဝင်းသက်အောင်(ခ) ဝင်းမင်းသန့်နှင့် ဖမ်းဆီးရန်ကျန်တရားခံ မဲကြီးတို့ ၄ ဦးက ဖုန်းမျိုးစုံ ၅ လုံးနှင့် ထိုင်းဘတ်ငွေ ၇၀၀၀ ခန့်အားလည်းကောင်း။

နိုဝင်ဘာလအတွင်း တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ တရားခံ ဇော်ဖြိုးလွင်(ခ)တာလေ၊ သိန်းထိုက်အောင်(ခ)အရှည်ကြီး၊ သီဟနှင့် ခင်မောင်ထိုက်(ခ)ကုလားတို့ ၄ ဦးက ဖုန်းမျိုးစုံ ၄ လုံးနှင့် ထိုင်းဘတ်ငွေ ၁၂၀၀၀ ခန့်အားလည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအယောင်ဆောင်ကာ ပြောက်ကျားယူနီဖောင်းများဝတ်ဆင်ပြီး M16 ပုံစံတူ (Air Gun) ၁ လက်၊ ပစ္စတိုသေနတ်(Air Gun) ၁ လက်နှင့် ဝင်းသက်အောင်ပိုင်ဆိုင်သည့် Alphard အဖြူရောင်မော်တော်ယာဉ်တို့အား အသုံးပြု၍ လုံခြုံရေးအရ ဧည့်စာရင်းစစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းပြကာ နေအိမ်ရှိသူများထံမှ ဖုန်းမျိုးစုံ ၂၄ လုံးနှင့် ထိုင်းဘတ်ငွေ ၇၃၀၀၀ တို့အား ငါးကြိမ်တိတိ ခြောက်လှန့်တောင်းယူခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။



တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအယောင်ဆောင်ကာ နေအိမ်များအတွင်းဝင်ရောက်၍ ဖုန်းနှင့် ငွေကြေးများခြောက်လှန့်တောင်းယူခဲ့သည့်ဖြစ်စဉ်မှ ပြစ်မှုကျူးလွန်စဉ် တရားခံများအသုံးပြုခဲ့သည့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်။

နေအိမ်များအတွင်း ဝင်ရောက်ကာ ခြောက်လှန့်တောင်းယူမှုများအတွင်း ဇော်ဖြိုးလွင်(ခ) တာလေ၊ သိန်းထိုက်အောင်(ခ)အရှည်ကြီးနှင့် ဖမ်းဆီးရန်ကျန်တရားခံ မဲကြီးတို့က လုံခြုံရေးတပ်ဖွဲ့ ယူနီဖောင်းများဝတ်ဆင်၍ ဦးဆောင်ကျူးလွန်ခဲ့ကြပြီး ကျန်တရားခံ ၆ ဦးတို့က အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအယောင်ဆောင်၍ ပူးပေါင်းကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ၎င်းတို့ ခြောက်လှန့်တောင်းယူရရှိခဲ့သည့် လက်ကိုင်ဖုန်းများနှင့် ငွေကြေးများအား သိမ်းဆည်းရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်းရှိ နေအိမ်အချို့သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်၍ လုံခြုံရေးအရ ဧည့်စာရင်းစစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းပြကာ နေအိမ်အတွင်းသို့ဝင်ရောက်၍ ဖုန်းနှင့် ငွေကြေးများအား ခြောက်လှန့်တောင်းယူခဲ့ကြသူ ဖမ်းဆီးရမိတရားခံ ဇော်ဖြိုးလွင်(ခ)တာလေပါ ၈ ဦးအား သက်ဆိုင်ရာရဲစခန်းများ၌ ပြစ်မှုတစ်ခုချင်းစီအလိုက် အမှုများအသီးသီး ရေးဖွင့်ဆောင်ရွက်ထားရှိပြီး ထွက်ပြေးတိမ်းရှောင်နေသော တရားခံ မဲကြီးအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့်အလားတူဒုစရိုက်မှုများကျူးလွန်နိုင်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် ဒုစရိုက်သမားများ၏ လှုပ်ရှားသွားလာမှုများအား သိရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)

# အမွန်မြတ်ဆုံးသောစွန့်လွှတ်ခြင်း၏ တုနှိုင်းဖွယ်ရာမရှိသောဂုဏ်ဒြပ်နှင့်ပြည့်စုံသော သူရဲကောင်းစစ်သည်များအား (၁၁)ကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားတွင် တက်ရောက်လာကြသူများ၏စကားသံများ

**နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့သည့် ခေတ်အဆက်ဆက်မှ ကျဆုံးစစ်သည်များအား (၁၁)ကြိမ်မြောက် အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားအား ဒီဇင်ဘာလ ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ သူရဲကောင်းဗိမာန်၌ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသူများ၏စကားသံများကို ဖော်ပြပေးလိုက်ရပါသည်။**


ဦးဝဏ္ဏ


ဦးကျော်ဇင်ဦး


ဦးသက်နောင်


ဒေါ်ခင်လှမူ


မသီရိအောင်

**ဦးဝဏ္ဏ(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟိုဥက္ကဋ္ဌ))**

(၁၁)ကြိမ်မြောက် အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကိုတက်ရောက်ဖြစ်တာက ဒီနေ့အခမ်းအနားကိုစီစဉ်တဲ့အဖွဲ့ကနေဖိတ်ကြားတဲ့အတွက်လာတက်ရောက်တာဖြစ်ပါတယ်။ ကျွန်တော်တို့ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့တွေ၊ မိသားစုဝင်တွေအများအပြားလည်းတက်ရောက်ဖြစ်ကြပါတယ်။ ကျွန်တော်တို့အဖွဲ့အောက်မှာ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာဆိုပြီး ဘာသာကြီးလေးရပ်ရှိပါတယ်။ အဖွဲ့တွေအားလုံးလည်းလာတက်ရောက်ကြတာကို တွေ့မြင်ရပါတယ်။ တပ်မတော်ဆိုတာ နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက်ထိန်းသိမ်းစောင့်ရှောက်နေတဲ့ အဖွဲ့အစည်းကြီးဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက မြန်မာလူမျိုး ဗုဒ္ဓဘာသာလူမျိုးနဲ့ပဲ သက်ဆိုင်တာမဟုတ်ပါဘူး။ မြန်မာနိုင်ငံအတွင်းမှာမှီတင်းနေထိုင်ကြတဲ့ ဘာသာကြီးလေးရပ်၊ တိုင်းရင်းသားမျိုးနွယ်စု(၁၃၅)မျိုး အားလုံးအကျုံးဝင်သက်ဆိုင်ကြပါတယ်။ အားလုံးကလည်း ဒီဘာသာကြီးလေးရပ်ကိုအခြေခံကိုးကွယ်ကြတာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်တဲ့ တပ်မတော်သားအားလုံးကိုဂုဏ်ပြုရမယ်ဆိုတာ ပြည်သူတွေသိမြင်သိစေချင်ပါတယ်။ တိုင်းပြည်အတွက် ရဲရဲတံ့တံ့အသက်စွန့်ပြီးကာကွယ်ပေးခဲ့ကြတဲ့ တပ်မတော်သားတွေကိုလည်း အမြဲမမေ့တဲ့အနေနဲ့ ယခုလိုမျိုးအောက်မေ့ဖွယ်အခမ်းအနားကို တက်ရောက်ဂုဏ်ပြုပေးသင့်ပါတယ်။ နောက်ပြီး ပြည်သူ့စစ်မှုထမ်းနေကြတဲ့ တပ်မတော်သားတွေကလည်း နိုင်ငံအတွက် တာဝန်ကိုတစ်ထောင့်တစ်နေရာကနေ အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် နိုင်ငံ့တာဝန်ကိုထမ်းဆောင်ကြတဲ့အတွက်လည်း ဂုဏ်ယူပါတယ်။ Social Media တွေမှာ သတင်းအမှားတွေပြောနေကြတာကို အထင်မလွဲကြပါနဲ့။ နိုင်ငံတော်အတွက်အရေးကြီးတဲ့အချိန်မှာ နိုင်ငံသားအားလုံးက ကိုယ့်နိုင်ငံကိုစည်းလုံးညီညွတ်စွာနဲ့ ပါဝင်ထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဘာသာကြီးလေးရပ်အဖွဲ့အားလုံးအနေနဲ့ရော ပြည်သူပြည်သားအားလုံးကိုယ်စား တပ်မတော်သားအားလုံးကို အမြဲလေးစားဂုဏ်ပြုလျက်ရှိပါတယ်။ ကျွန်တော်တို့အဖွဲ့ကြီးကလည်း တတ်နိုင်တဲ့ဘက်ကနေ ပူးပေါင်းပံ့ပိုးပေးသွားပါ့မယ်လို့ ပြောချင်ပါတယ်။

**ဦးကျော်ဇင်ဦး(ရွှေပြည်တော်သို့ဆုံမှတ်ပရဟိတအသင်း)နေပြည်တော်တာဝန်ခံ**

ယနေ့အခမ်းအနားက ကျဆုံးသွားကြတဲ့ တပ်မတော်သားများအတွက် (၁၁)ကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားဖြစ်ပါတယ်။ အခမ်းအနားကျင်းပရတဲ့ရည်ရွယ်ချက်က အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားတပ်မတော်သားများအတွက် ဂုဏ်ပြုတဲ့အခမ်းအနား၊ သူရဲကောင်းစစ်သည်များကို မမေ့တဲ့အခမ်းအနားလို့ပြောလို့ရပါတယ်။ ဒီနေ့အခမ်းအနားကို ကြည့်ခြင်းအားဖြင့် ခေတ်အဆက်ဆက်တိုင်းပြည်ရဲ့တာဝန်ကို အသက်စွန့်ပေးသွားကြတဲ့ တပ်မတော်သားများအပေါ် ပြည်သူတွေလေးစားချစ်ခင်ဂုဏ်ပြုအလေးပြုပြီးတက်ရောက်လာတာကိုတွေ့ရပါတယ်။ လွမ်းသူ့ဂုဏ်ပြုပန်းခြင်း၊ လွမ်းသူ့ဂုဏ်ပြုပန်းတွေနဲ့ လာရောက်တာတွေ့ရတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် အကြမ်းဖက်တွေကလွဲရင် ပြည်သူတွေရဲ့စိတ်က တပ်မတော်သားတွေအပေါ် အားပေးထောက်ခံမှုတွေ၊ ချစ်ခင်လေးစားမှုတွေကိုတွေ့ရပါတယ်။ ပြည်သူ့စစ်မှုထမ်းမှာလည်း နိုင်ငံသားတစ်ယောက်အနေနဲ့လာပြီး တာဝန်ထမ်းဆောင်လာကြတာကိုတွေ့ရပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေကလည်း မြန်မာနိုင်ငံတစ်နိုင်ငံထဲတင်ရှိတာမဟုတ်ပါဘူး။ နိုင်ငံတကာမှာလည်းရှိပါတယ်။ ကိုယ်တိုင်တပ်မတော်ထဲကိုစစ်မှုထမ်းမှ သူတို့ရဲ့ခံစားချက်၊ ပြည်သူအပေါ်ထားရှိတဲ့ စိတ်စေတနာတွေ၊ တပ်မတော်က ပြည်သူတွေကိုကာကွယ်စောင့်ရှောက်တာတွေ့ရမှာဖြစ်ပါတယ်။ စစ်မှုထမ်းနေကြတဲ့တပ်မတော်သားများအတွက်လည်း ဂုဏ်ယူမိသာပါတယ်။ ကျဆုံးသွားကြတဲ့ သူရဲကောင်းအာဇာနည်တပ်မတော်သားများကိုလည်း နှစ်စဉ်နှစ်တိုင်းမမေ့ဘဲ အမြဲသတိရဂုဏ်ပြုလေးစားပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

**ဦးသက်နောင် (စစ်မှုထမ်းဟောင်း)**

ကျွန်တော်ကတော့ ပုဗ္ဗသီရိမြို့နယ် စစ်မှုထမ်းဟောင်းကိုယ်စားပြုအနေနဲ့ ဒီနေ့အခမ်းအနားကို တက်ရောက်တာဖြစ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံအတွက် အသက်ပေးသွားခဲ့ကြတဲ့ တပ်မတော်သားတွေကို အောက်မေ့ဂုဏ်ပြုချင်တဲ့အတွက် တက်ရောက်တာလည်း ဖြစ်ပါတယ်။ ရှေ့တန်းရောက်တပ်မတော်သားစစ်သည်များအားလုံးဘေးရန်အပေါင်းမှကင်းရှင်းပြီး တရားသောစစ်အောင်မြင်ပါစေလို့ ကျွန်တော်တို့အနေနဲ့ရော စစ်မှုထမ်းဟောင်းကိုယ်စားအနေနဲ့ပါ ဆုတောင်းပေးလိုက်ပါတယ်။ ကျွန်တော်တို့ကလည်း တပ်မတော်အတွက်လိုအပ်လာမယ်ဆိုရင် ကျရာအခန်းကဏ္ဍကနေ တာဝန်ထမ်းဆောင်သွားမယ်။ မျိုးဆက်သစ်တပ်မတော်သားများကိုလည်း လေးစားဂုဏ်ပြုရင်း၊ မိမိတို့ရဲ့တိုင်းပြည်ကို စွန့်လွှတ်စွန့်စားသတ္တိရှိစွာနဲ့ ရဲရဲတံ့တံ့ ကာကွယ်စောင့်ရှောက်သွားကြပါလို့ ပြောချင်ပါတယ်။

**ဒေါ်ခင်လှမူ(ပြည်သူ)**

အန်တီက ရွာကောက်ရပ်ကွက်ကနေ လာပြီး အောက်မေ့ဖွယ်အခမ်းအနားကို တက်ရောက်ခြင်းဖြစ်ပါတယ်။ ပထမဦးဆုံးအကြိမ် တက်ရောက်ခြင်းဖြစ်ပါတယ်။ တိုင်းပြည်အတွက် အသက်ပေးသွားတဲ့တပ်မတော်သားအားလုံးကိုလည်း လေးစားတယ်။ ထာဝရချစ်ခင်တယ်။ အခမ်းအနားမှာ အန်တီရဲ့ ကြွေလွင့်သွားတဲ့အမျိုးသားနဲ့ တပ်မတော်သားတွေကို အလေးပြုတဲ့အချိန်က စိတ်ထိပိုပြီးအလွန်ဝမ်းနည်းရပါတယ်။ ရှေ့တန်းရောက်တပ်မတော်သားအားလုံးလည်း ကျန်းကျန်းမာမာနဲ့အောင်ပွဲဝင်နိုင်ပါစေလို့ ဘုရားရှိခိုးတိုင်း ဆုတောင်းပေးပါတယ်။ မြန်မာပြည်ကြီးလည်း အမြန်ဆုံးအေးချမ်းသာယာပါစေလို့ ပြောချင်ပါတယ်။

**မသီရိအောင် (ကယားတိုင်းရင်းသူ)**

ကျွန်မကတော့ ကယားပြည်နယ်ကိုယ်စားပြုအနေနဲ့ အောက်မေ့ဖွယ်ရာဂါရဝပြုဆုတောင်းပွဲနဲ့အလေးပြုခြင်းအခမ်းအနားကို လာတက်ရောက်တာဖြစ်ပါတယ်။ ဒီလိုမျိုးဂါရဝပြုအခမ်းအနားကို တက်ရောက်ရတဲ့အတွက် ကျွန်မအနေနဲ့ ဂုဏ်ယူပါတယ်။ ကျဆုံးသွားတဲ့သူရဲကောင်းတွေကို မြင့်မြတ်တဲ့ဘုံဘဝမှာ ရောက်ရှိအောင် ဆုတောင်းပေးရတဲ့အတွက် ကောင်းမွန်တဲ့လုပ်ဆောင်ချက်တစ်ခုလို့ ပြောလို့ရတဲ့ ပွဲလည်းဖြစ်ပါတယ်။ တိုင်းရင်းသားတွေလည်း မြန်မာလူမျိုးတွေဖြစ်ပါတယ်။ တိုင်းရင်းသားတွေအားလုံးနဲ့ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုကြီးကို ငြိမ်းချမ်းခြင်းတွေနဲ့ဖြတ်သန်းစေချင်ပါတယ်။ ရှေ့တန်းရောက်တပ်မတော်သားများလည်း ဘေးအန္တရာယ်ကင်းရှင်းပြီး တရားသောစစ်အောင်မြင်ပါစေလို့ ဆုတောင်းပေးပါတယ်။

ကျော်လွင်၊ လဲ့ရည်လှိုင်

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၁၂-၂၀၂၄(တနင်္လာနေ့)

၁။ ၀၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၀၆:၀၃ တရားတော်
၃။ ၀၇:၂၀ ဓမ္မပူဇာတေး
၄။ ၀၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၀၇:၃၅ မျိုးချစ်တပ်မတော်
၆။ ၀၇:၄၅ မြန်မာ့ရှုခင်း
၇။ ၀၈:၀၅ အမျိုးသားရေးတေးကဗျာ
၈။ ၀၈:၂၀ ရှေးဟောင်းသုတ
၉။ ၀၈:၂၅ သီချင်းလက်ဆောင်
၁၀။ ၀၈:၄၅ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
၁၁။ ၁၈:၃၀ ပြည်သူ့ကြားက ပြည်သူ့စကား
၁၂။ ၁၈:၄၀ မြစ်ကျဉ်းသုံးသွယ် အသွင်သစ် အပိုင်း(၇)
၁၃။ ၁၉:၂၀ (၃၈)ဖြာ မင်္ဂလာ အသေဝနာစ ဗာလာနံ
၁၄။ ၁၉:၄၀ ပိုမိုကောင်းမွန်သည့် အသိုက်အဝန်းဆီသို့ (၈)ရက်ခရီးစဉ်

ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ ၁-၁၂-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ပူတာအိုမြို့ | ၆.၇ | ၄၄.၁ |
| ဟားခါးမြို့ | ၇.၀ | ၄၄.၆ |
| မြစ်ကြီးနားမြို့ | ၈.၄ | ၄၇.၁ |
| မချမ်းဘောမြို့ | ၉.၈ | ၄၉.၆ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း)နှင့် လွိုင်လင်မြို့ | ၁၀.၅ | ၅၀.၉ |
| ဟဲဟိုးမြို့နှင့်တီးတိန်မြို့ | ၁၁.၀ | ၅၁.၈ |

# တိုင်းပြည်အတွက် ခေတ်အဆက်ဆက်မှ အသက်ပေးလှူသွားသော သူရဲကောင်းစစ်သည်များအတွက် (၁၁)ကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်း အခမ်းအနားကျင်းပပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၁

နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားခဲ့သည့် ခေတ်အဆက်ဆက်မှ သူရဲကောင်းစစ်သည်များအား အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကို (၁၁) ကြိမ်မြောက်အဖြစ် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်ရှိ သူရဲကောင်းဗိမာန် (နေပြည်တော်)၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ဂါရဝပြုဆုတောင်းပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ပါတီခေါင်းဆောင်များ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ၊ ရောင်နီဦးနှင့် မိတ်ဆွေများပရဟိတအသင်း၊ ရွှေပြည်တော်သို့ဆုံမှတ် ပရဟိတအသင်းနှင့် တပ်မတော်ကိုချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ဦးစွာ အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကိုတက်ရောက်လာကြသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သီချင်းသီဆိုခြင်း၊ နိုင်ငံတော်အလံအားအလေးပြုခြင်း၊ ခေတ်အဆက်ဆက်က တိုင်းပြည်အတွက်အသက်ပေးလှူသွားကြသည့် သူရဲကောင်းစစ်သည်များအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန်(၄) ချက်ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ကြသည့် သူရဲကောင်းစစ်သည်များအားရည်စူး၍ ဝမ်းနည်းခြင်းအထိမ်းအမှတ် ၂ မိနစ်ငြိမ်သက်ခြင်း၊ သူရဲကောင်းစစ်သည်များ မြင့်မြတ်သောကောင်းမွန်ရာဘုံဘဝရောက်ရှိစေရန် မီးပုံးပျံပူဖောင်းများလွှတ်တင်ခြင်း၊ ထာဝရငြိမ်းချမ်းရေးရရှိစေရန်ရည်မှန်း၍ အထိမ်းအမှတ်ချိုးဖြူငှက်များလွှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက တိုင်းပြည်အတွက် အသက်ပေးလှူသွားသော သူရဲကောင်းစစ်သည်များအတွက် ဂုဏ်ပြုပန်းခြင်းများဖြင့် ဂါရဝပြုခြင်းကို အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း သူရဲကောင်းစစ်သည်များအား ရည်စူး၍ ပုဗ္ဗသီရိမြို့နယ်၊အေးမြင့်သာယာအုပ်စု၊ ပေါက်တောကျေးရွာ၊ သဒ္ဓါရုံကျောင်းတိုက်၌ သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်း၍ ရေစက်သွန်းချအမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် အခမ်းအနားတက်ရောက်လာကြသူများက တိုင်းပြည်အတွက်ခေတ်အဆက်ဆက်မှအသက်ပေးလှူသွားသော သူရဲကောင်းစစ်သည်များအတွက် (၁၁) ကြိမ်မြောက်အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



(၁၁)ကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားတက်ရောက်လာကြသူများက တိုင်းပြည်အတွက် ခေတ်အဆက်ဆက်မှ အသက်ပေးလှူသွားသောသူရဲကောင်းစစ်သည်များအား အလေးပြုစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးတို့က တိုင်းပြည်အတွက် အသက်ပေးလှူသွားသောသူရဲကောင်းစစ်သည်များအတွက် ဂုဏ်ပြုပန်းခြင်းဖြင့် ဂါရဝပြုစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် အခမ်းအနားတက်ရောက်လာကြသူများက သူရဲကောင်းစစ်သည်များ ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်မှန်း၍ အထိမ်းအမှတ် ချိုးဖြူငှက်များကို လွှတ်ပေးစဉ်။

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၁

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။ (မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၁°C | / | ၃၂°C |
| ရန်ကုန် | ၂၁°C | / | ၃၁°C |
| မန္တလေး | ၂၁°C | / | ၃၁°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့



နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
THE BEST QUALITY TYRE


ရွှေဖီဦး BLACK TEA (နှောင်တရား) ကို
Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး
Lemon Tea
Tea Mix
Black Tea
ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
ISO 9001
BUREAU VERITAS
Certification
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



ရွာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဒီဇင်ဘာ ၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **နိုဝင်ဘာလ ၂၉ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၁၆)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂၈၇၇၃၇၉) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၃၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၂၀၇၃၇၉)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အိမ်မဲမြို့၊ မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့၊ ကလွင်ကျေးရွာ၌ တရားမဝင်ဒီရေတောမျောသစ်လုံး (၂၃၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းမကြီး၊ ရတနာဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၇၃၇၃၆၄) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀)ကို လည်းကောင်း၊ သာကေတဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ် (၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၈၉၂၆၂၈)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၆၆၂၉၉၉၂)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော် တရားမဝင်



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒက္ခိဏသီရိမြို့နယ်၊ ကံ့ကော်ပန်းအဝိုင်းအနီး၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀) ကိုလည်းကောင်း၊ လယ်ဝေးမြို့နယ်၊ တောင်စဉ်အေးပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Daihatsu Hijet မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) ကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ်၌ လိုင်စင်မဲ့ Loujia မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၉ ရက်**တွင်စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Ipsum မော်တော်ယာဉ် (၁)စီးနှင့် Toyota Crown မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၀၀၀၀၀) ကိုလည်းကောင်း၊ ရွှေဘိုမြို့နယ်၊ ပဂိုးကုန်းကျေးရွာအနီး၌ လိုင်စင်မဲ့ Toyota Kluger မော်တော်ယာဉ် (၁)စီးနှင့် Nissan X-Trail မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း၊ အရာတော်မြို့၊ ကွက်သစ်ရပ်ကွက်၊ မြို့လယ်ကျောက်တိုင်အနီး၌ လိုင်စင်မဲ့ CZI 125 မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀)ကိုလည်းကောင်း၊ **နိုဝင်ဘာလ ၃၀ ရက်**တွင် စစ်ကိုင်းမြို့၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၌ လိုင်စင်မဲ့ Mitsubishi Minicab မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၉၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၉ ရက်**တွင်တောင်ငူခရိုင်နှင့်သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၄ ဒသမ ၇၁၈)တန်၊ အခြားသစ်တန် (သုည ဒသမ ၉၅၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၇၆၃၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **နိုဝင်ဘာလ ၃၀ ရက်**တွင် ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁၄)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၆၈၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၂၅၇၆၃၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၇၃၀၅၀၀၁)**ကိုဖမ်းဆီးရမိသည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် လူသုံးကုန်ပစ္စည်းများပြည်ပမှ တရားမဝင်တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)

## ဆိုင်ကလုန်းမုန်တိုင်း ဖန်ဂယ်လ် အားကောင်းသော မုန်တိုင်းငယ်အဖြစ် အားလျော့သွား

နေပြည်တော် ဒီဇင်ဘာ ၁

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း ဖန်ဂယ်လ်(FENGAL)သည် အနောက်-အနောက်တောင်ဘက်သို့ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေကို ပူဒူချယ်ရီမြို့အနီးမှဖြတ်ကျော်ခဲ့ကာ အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် အနောက်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးပြည်နယ် ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။ ယခုသတင်းသည် ဆိုင်ကလုန်းမုန်တိုင်းငယ် ဖန်ဂယ်လ်အတွက် ထုတ်ပြန်ပေးသည့်နောက်ဆုံးသတင်းဖြစ်ပါသည်။

(မိုး/ဇလ)

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဒီဇင်ဘာ ၁

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက် မြန်မာစံတော်ချိန် ၁၄ နာရီ ၂၇ မိနစ် ၄၄ စက္ကန့်အချိန်တွင် တောင်ငူမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၉၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ကြံခင်းမြို့၏အနောက်-အနောက်မြောက်ဘက် ၄ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၈ ဒသမ ၃၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၁၉ ဒီဂရီ၊ အနက် ၅၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

(မိုး/ဇလ)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၆၉)ကြိမ်မြောက် ကျပ်(၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ဆ - ၅၀၆၂၁၄

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု

ဆ - ၄၉၁၂၆၁

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

င - ၄၄၅၇၁၁

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀) ဆုများ

| | |
|---|---|
| စ - ၁၂၇၁၆၃ | ဆ - ၅၈၂၁၅၇ |
| ဇ - ၄၂၆၄၄၅ | ဃ - ၇၈၅၂၄၉ |

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀) ဆုများ

| | |
|---|---|
| ဆ - ၁၂၂၄၁၆ | ဇ - ၃၆၅၉၃၁ |
| ဃ - ၂၁၉၇၃၀ | င - ၉၂၅၄၉၂ |
| ဇ - ၃၀၄၉၂၉ | ဇ - ၉၆၂၀၅၂ |

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀) ဆုများ

| | | |
|---|---|---|
| ဂ - ၁၄၇၇၃၆ | စ - ၆၂၁၈၉၂ | ဃ - ၇၃၂၀၈၇ |
| ခ - ၁၇၅၆၇၀ | ခ - ၆၃၂၈၇၂ | က - ၇၄၀၀၆၃ |
| စ - ၆၀၀၄၁၄ | ဂ - ၆၇၄၄၈၉ | ဃ - ၉၇၆၆၅၀ |

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀) ဆုများ

| | |
|---|---|
| ခ - ၁၀၃၂၁၈ | ဆ - ၅၁၉၀၈၇ |
| င - ၁၃၇၇၃၉ | င - ၅၂၃၇၈၂ |
| ဆ - ၂၆၅၄၃၄ | ဈ - ၅၄၄၁၃၇ |
| ဆ - ၃၁၇၀၆၁ | ဇ - ၆၀၅၃၈၄ |
| ဂ - ၃၉၄၂၈၄ | ခ - ၈၅၄၉၀၅ |
| ဃ - ၃၉၉၁၃၅ | ခ - ၉၆၄၁၁၀ |

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀) ဆုများ

| | | |
|---|---|---|
| ဈ - ၁၁၉၄၃၉ | ဆ - ၅၃၅၄၀၃ | စ - ၇၄၂၉၇၇ |
| င - ၁၄၃၁၉၆ | က - ၅၅၁၉၄၉ | စ - ၈၁၈၀၇၁ |
| ဇ - ၂၃၂၅၅၀ | က - ၅၆၇၄၂၉ | ဃ - ၈၄၂၃၇၄ |
| ဇ - ၂၆၉၁၆၅ | ဂ - ၆၁၆၇၇၃ | ဃ - ၉၆၉၂၈၀ |
| ဆ - ၃၃၄၈၆၁ | ခ - ၆၃၁၀၆၄ | ဃ - ၉၈၄၁၁၅ |
| င - ၅၃၄၃၃၂ | | |

### ဆုတစ်ဆုချင်းကျပ် (၁၀) သိန်းဆုများ

| | | |
|---|---|---|
| ဆ - ၁၆၀၃၂၀ | ဈ - ၅၆၄၉၁၀ | ဈ - ၇၅၉၅၀၄ |
| ဂ - ၃၁၁၅၂၄ | ခ - ၅၈၀၆၀၃ | ဂ - ၇၇၄၆၂၈ |
| ဇ - ၃၂၅၁၈၁ | ဈ - ၆၁၆၃၇၅ | ဇ - ၈၀၉၃၃၃ |
| င - ၃၆၁၅၅၅ | ဈ - ၆၂၀၉၇၇ | စ - ၈၁၄၇၈၇ |
| င - ၄၉၃၁၁၀ | ဃ - ၆၅၅၀၉၁ | ဈ - ၈၃၄၀၁၂ |
| | | ခ - ၉၀၇၇၀၃ |

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၃) ယူနစ်

| | |
|---|---|
| ဇ - ၁၅၁၅၂ | စ - ၉၆၀၆၅ |
| ခ - ၅၄၅၀၇ | |

အကွာရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၃) ယူနစ်

| | |
|---|---|
| ဂ - ၄၅၄၇ | င - ၆၅၁၇ |
| ဃ - ၈၄၈၇ | |

အကွာရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၉) ယူနစ်

| | | |
|---|---|---|
| င - ၁၃၂ | က - ၄၄၇ | ဈ - ၈၄၄ |
| က - ၂၉၃ | ဂ - ၅၁၇ | ဃ - ၈၆၆ |
| စ - ၄၁၀ | က - ၇၄၁ | ဇ - ၈၈၆ |

အကွာရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ (၃) ယူနစ်

| | |
|---|---|
| ဆ - ၂၆ | ဆ - ၉၈ |
| ဆ - ၈၆ | |

အကွာရာနှင့် ရှေ့ဂဏန်း (၂) လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု (၁) ယူနစ်

ဇ - ၇

အကွာရာနှင့် ရှေ့ဂဏန်း (၁) လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည်ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | |
|---|---|
| ဇ - ၄၉၄၇၀၀ | က - ၇၅၁၄၇၈ |
| စ - ၆၈၉၁၃၄ | ဈ - ၈၃၂၀၂၆ |

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၂) ယူနစ်

ဈ - ၄၄၉၆၂　ဆ - ၈၆၉၁၈

အကွာရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၂) ယူနစ်

ဈ - ၄၅၃၅

စ - ၇၇၅၄

အကွာရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၂) ယူနစ်

င - ၆၅၅

င - ၉၃၃

အကွာရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့တွင်ကျင်းပသည့် (၆၉) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၀၆၂၂၂) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်းကံထူးရှင် (၁၀၆၂၂၂)ဦးဖြစ်ပါသည်။

၂။ မရောင်းရထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး(ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုးဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တွင်ဖွင့်လှစ်မည့် အကြိမ် (၇၀)မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့်အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၈) လုံးဖြစ်ပါသည်။

၄။ (၆၉) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဆုမဲများအနက် ကျပ် (၁၀) သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂-၁၂-၂၀၂၄)ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၂-၁၂-၂၀၂၄) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းဆုထီပေါက်စဉ်အား www.ird.gov. mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

❖ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Based Industry)ကို တန်ဖိုးမြင့်ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်လို . . .

❖ ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် လူသား အရင်းအမြစ်များကိုအသုံးချ၍ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများတိုးတက်ပြောင်းလဲလာမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)သို့ တက်ရောက် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁

(၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၁ ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင် ဆရာကြီး၊ ဆရာမကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့အား စာမျက်နှာ ၅ ကော်လံ ၄ ◆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်စဉ်။

